# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၇၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သည့် ချည်မျှင်နှင့်အထည်အလိပ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ် စ ရာ**

**“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေး စကားဝိုင်း - Peace Talk 2025 ဒုတိယနေ့ ဆက်လက်ကျင်းပ**

ပြည်တွင်းသတင်း | စာ ၆



**တပ်မတော်၏ တန်ဖိုး**

ဆောင်းပါး | စာ ၈



မြန်မာ့အလင်း

# မျှော်မှန်းချက်များအတိုင်းအောင်မြင်ရေး တစ်မျိုးသားလုံးကြိုးပမ်းကြရန်လို

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ကို ကျပ် ၁၇၁၄၉၈ ဘီလီယံရရှိရန် မျှော်မှန်းထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ၃ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်တွင် မတ် ၂၄ ရက်ကကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ရွေ့ပြောင်းလူဦးရေစာရင်းအပေါ်အခြေခံပြီး လူဦးရေ ၅၁ ဒသမ ၃ သန်းနှင့် ခန့်မှန်းထားသည့် တစ်ဦးကျထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ၃ ဒသမ ၃ သန်းကျော်ရရှိစေရန် လျာထားသည်ဟုလည်း သိရှိရသည်။

မိမိတို့နိုင်ငံ၏ ဂျီဒီပီဆိုသည်မှာ မိမိတို့နိုင်ငံအတွင်း၌ တစ်နှစ်တာကာလအတွင်းထုတ်လုပ်လိုက်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏တန်ဖိုးပင်ဖြစ်သည်။ မိမိတို့နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်းသည် တစ်မျိုးသားလုံးကုန်ထုတ်လုပ်မှုတန်ဖိုးနှင့်တိုက်ရိုက်အချိုးကျလျက်ရှိရာ တိုင်းပြည်ကုန်ထုတ်တိုးသည်နှင့်အမျှ နိုင်ငံသားတို့ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံ၏ တစ်မျိုးသားလုံး ကုန်ထုတ်လုပ်မှုတန်ဖိုးသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်နေရာ ၎င်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့်အခြေအနေသို့ ရောက်ရှိအောင် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားကောင်းမွန်လာစေရန် တစ်မျိုးသားလုံး၏ ကုန်ထုတ်လုပ်မှုမြင့်မားလာစေရေး ဆောင်ရွက်ရသည့်လုပ်ငန်းသည် အစိုးရနှင့် ပြည်သူတို့ သူ့တာ၊ ကိုယ့်တာ ကျေပွန်အောင်ဆောင်ရွက်ကြရသည့်လုပ်ငန်းဖြစ်သည်။ မူဝါဒချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲခြင်းနှင့်စီမံကိန်းများ အောင်မြင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ တွန်းအားပေးခြင်းတို့ကို အစိုးရပိုင်းက ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများနှင့်ဝန်ဆောင်မှုများကို စီမံကိန်းရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင်အကောင်အထည်ဖော်သည့်အပိုင်းမှာ ပြည်သူတို့က ဆောင်ရွက်ကြခြင်းဖြစ်သည်။

မတ် ၂၄ ရက်က ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲက “နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အားကောင်းမွန်ရန်အတွက် ဂျီဒီပီကို ရည်မှန်းထားသည့်အတိုင်းရရှိရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့်ရလဒ်များ ရရှိစေရေး လက်တွေ့ကျကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့အရေးကို ရှေ့တန်းတင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကို ထင်သာမြင်သာရှိပြီး ပြည်သူများ အကျိုးကျေးဇူးရရှိခံစားနိုင်ရန်နှင့် လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။” မှာကြားခဲ့ရာ တစ်မျိုးသားလုံး ကုန်ထုတ်တိုးရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ကဏ္ဍအလိုက် ကျရာတာဝန်တို့ ကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားရေးအတွက် စိုက်ပျိုးရေး၊ လယ်ယာသားငါးကဏ္ဍများ တိုးတက်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာစေရန် ပိုမိုတိုးမြှင့်အားပေးဆောင်ရွက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို လေလွင့်မှုမရှိစေဘဲ ထိရောက်စွာသုံးစွဲ၍ အဆင့်မီကုန်ချောများထုတ်လုပ်နိုင်သော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက် (ပထမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါး/ဦးအနက် ၁၂၄၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၆ ဒသမ ၆၀ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ သတင်းစဉ်

## ၂၅ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## သံအမတ်ကြီး ဦးကျော်တင်ရှိန် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် မတ် ၂၅

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကိုင်ရိုမြို့ ဟေလီယိုပိုးလစ်ရှိ သမ္မတအိမ်တော်၌ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်(ဘ်)ဒယ် ဖာတာ အယ်လ်စီစီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီလွှာဇီဝဓာတ်ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

❑ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်၍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် မတ်လပထမအပတ်အတွင်း သွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်စဉ်အတွင်း ဘယ်လာရုစ်သမ္မတမစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရလည်း နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တစ်ပါတည်း သွားရောက်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်ဆောင်ရွက်လိုသည့်စိတ်ရှိသည်ကို တွေ့မြင်သိရှိခဲ့ရကြောင်း၊ အလားတူ လွှတ်တော်များမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်များသို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များ စေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့များသို့လည်း ရောက်ရှိခဲ့ပြီး ဒေသအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားကဏ္ဍတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရေးကဏ္ဍများကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာကာသသိပ္ပံဆိုင်ရာနည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်စဉ်ကာလအတွင်း သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာများ၊ ဆေးနှင့်ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်များရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

❖ **၂၀၂၅ အလွန်တွင် နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်မည်၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်၊ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိနေရမည်**

### ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူချိန် ၂ နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ အလွန်ကာလဖြစ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပရန် တည်ငြိမ်မှုလိုအပ်နေသည့် အချိန်ဖြစ်ခြင်းကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာရရှိရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား ဆောင်ရွက်ခဲ့ပြီး ရာနှုန်းပြည့်ကောက်ယူရရှိသည့် မြို့နယ်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန်ကျန်ရှိသည့် မြို့နယ်များလည်းရှိနေသေးကြောင်း၊ ကောက်ယူရရှိသည့်စာရင်းများအပေါ် မူတည်၍ ဆန္ဒမဲပေးနိုင်သည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းကို ကောက်ယူရရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအား ယခုနှစ် ဒီဇင်ဘာလတတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလ ပထမပတ်နှင့်ဒုတိယပတ်တို့အတွင်း ကျင်းပပြုလုပ်ရန် လျာထားကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် မဲလက်မှတ်များကိုအသုံးပြု၍ ကောက်ယူခဲ့ပြီး ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲလက်မှတ်များ အသုံးပြု၍ ရွေးကောက်ပွဲဥပဒေနှင့် မညီညွတ်သော ကြိုတင်မဲပေးမှုများ၊ မဲလက်မှတ်ရိုက်နှိပ်မှုများ၊ ဥပဒေနှင့်မညီသော အမိန့်နှင့်ညွှန်ကြားချက်များ၊ ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ခြင်းကြောင့် မဲမသမာမှုများနှင့်မဲစာရင်းများ မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အဆိုပါတွေ့ကြုံခဲ့ရသည့်အတွေ့အကြုံအရ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ရွေးကောက်ပွဲကျင်းပမှုများကိုလေ့လာ၍ ငွေကြေးကုန်ကျမှုများသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး မဲမသမာမှုပြုလုပ်ရန် မလွယ်ကူသည့် စနစ်ဖြစ်သော Electronic Voting Machine စနစ်ဖြင့် ဆန္ဒမဲပေးရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ မိမိတို့ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်သရွေ့ တစ်နေ့တည်း ကျင်းပရန်၊ အများပြည်သူရုံးပိတ်ရက်တွင် ပြုလုပ်ရန်၊ ကြိုတင်ကြေညာရန် ပြဋ္ဌာန်းပါရှိကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ရက်အကန့်အသတ်ပြုလုပ်ထားခြင်းမရှိဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသမိုင်း၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ရွေးကောက်ပွဲအား တစ်ကြိမ်တည်း ကျင်းပခဲ့ခြင်းမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲအထမြောက်သည့်အဆင့်ကို ဦးစားပေး ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်များ ကျင်းပရာတွင် အစည်းအဝေးအထမြောက်ခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များနှင့် ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ဝန်ကြီးချုပ်များကို ရွေးချယ်ခန့်အပ်ရခြင်းဖြစ်သဖြင့် အရေးကြီးကြောင်း။

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Electronic Voting Machine များဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်တိုအတွင်း ဆန္ဒမဲပေးနိုင်ခြင်းနှင့် မဲရလဒ်ရရှိခြင်းများ ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်ရက်နှစ်ရက်အတွင်း မဲစာရင်းအား အတည်ပြုဆောင်ရွက်နိုင်ကြောင်း၊ တစ်လအတွင်း ရွေးကောက်ပွဲပြုလုပ်၍ရသည့် မြို့နယ်များတွင် ရွေးကောက်ပွဲပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာမှ ဆောင်ရွက်နေမှုများကို လေ့လာဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံများတွင် ကြိုတင်မဲပေးခြင်းများကို ခွင့်မပြုထားကြောင်း၊ Electronic Voting Machine ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သဖြင့် ကိုယ်တိုင်မဲပေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ပသို့ တရားဝင်သွားရောက်လျက်ရှိသည့် ပြည်သူများ၏ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ကြိုတင်မဲပေးခွင့်နှင့်ပတ်သက်၍ အားလုံးဝိုင်းဝန်းစဉ်းစားဆွေးနွေးကြစေလိုကြောင်း၊ မည်သို့ပင်ဖြစ်စေ လာမည့်နှစ် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးရန်လိုကြောင်း။

နိုင်ငံရေးပါတီများနှင့် ပတ်သက်၍လည်း ရွေးကောက်ပွဲဝင်ရောက်နိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းသတ်မှတ်ချက်များ ကျော်လွန်သွားသဖြင့် ပယ်ဖျက်ခဲ့ရသည့် ပါတီများကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏အာဏာကို ဥပဒေအရ ခေတ္တထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်ကို ဥပဒေကိုနားလည်သူများက လက်ခံကြပြီး နားမလည်သူများ၊ အာဃာတတရားထားသူများက ငြင်းပယ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲ ဝင်ရောက်ကြမည့်သူများအနေဖြင့် သိရမည်မှာ လွှတ်တော်ဟူသည် ဥပဒေပြုရေးကို ဦးစားပေးခြင်းပင်ဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာအနေဖြင့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ဥပဒေပြဋ္ဌာန်း၍ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်မည့်သူများအနေဖြင့် ဥပဒေကိုသိရှိရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ယင်းအချက်ကို အလေးထားစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ၂၀၂၅ အလွန် ဖြစ်ပေါ်လာနိုင်မည့် အလားအလာများနှင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် သင်ခန်းစာယူဆောင်ရွက်နိုင်ရန်

၂၀၂၅ အလွန် ဖြစ်ပေါ်လာနိုင်မည့်အလားအလာများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်) ကို ကျင့်သုံးခဲ့ကြောင်း၊ ယင်းဥပဒေကို ရေးဆွဲချိန်၌ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မှီငြမ်း၍ လေ့လာရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်အလွန်ကာလဖြစ်ပြီး ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်ခဲ့မှုများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆိုရှယ်လစ်စနစ်ကို လက်ခံသည့်အုပ်စု၊ လစ်ဘရယ်အယူဝါဒပိုင်းကို လက်ခံသည့်အုပ်စုနှင့် ဒီမိုကရေစီကို သွားမည့်အုပ်စုဟူ၍ သုံးဖွဲ့ ပြန်ကွဲသွားခဲ့ကြောင်း၊ သမိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်ကို အမှန်တကယ်လျှောက်လှမ်းမည်ဆိုပါက နိုင်ငံရေးအကြောင်းကို သိရှိနားလည်သူများဖြစ်ရန်လိုအပ်ပြီး အသိပညာ၊ အတတ်ပညာ ပေါ်ကြွယ်ဝရန် လိုအပ်မည်ဖြစ်ကြောင်း။

၂၀၂၅ အလွန်တွင် နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့်စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိနေရမည်ဖြစ်ကြောင်း။

### ပညာရေးနှင့်ပတ်သက်၍ မဖြစ်မနေပြုပြင်ပြောင်းလဲရမည်

ယင်းအနေအထားတွင် မိမိတို့အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏အသိပညာ၊အတတ်ပညာပေါ်ကြွယ်ဝရေးကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြနေသူများဖြစ်ကာ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ကြောင်း၊ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်းရာခိုင်နှုန်းကို ခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာတတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက် နည်းပါးသည်ကို တွေ့ရကြောင်း၊ ပညာရေးအရ အတတ်ပညာအရ အားနည်းသူများဖြင့် နိုင်ငံတော်ကို တည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဖြစ်ပြီး ကျောင်းတက်ရောက်၍ ကြီးပြင်းခဲ့သူများနှင့် တက်ရောက်ခြင်းမရှိဘဲ ကြီးပြင်းခဲ့သူများသည် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများ၊ လူမှုပေါင်းသင်းဆက်ဆံမှုများတွင် ကွာခြားသွားနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်

စာမျက်နှာ ၄ သို့

❖ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခင် ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူ အနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး လျာထား၊ အားလုံးသဘောတူညီ ဆုံးဖြတ်ပြီးက တစ်နိုင်ငံလုံးကို အသိပေးမှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နိုင်ရေး အချိန်ကာလအားဖြင့် ၉ လခန့်ကျန်ရှိပြီး ကြိုတင်ပြင်ဆင်ချိန် ပေးသွားမည်**

*စာမျက်နှာ ၃ မှ*

အတန်းပညာ အားနည်းခဲ့သူများကို ပစ်ထား၍ရမည် မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတ ရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက် ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်း စသည့် ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်ချက်ရာခိုင်နှုန်းကိုကြည့်ပါက ပျမ်းမျှ ၃၅ ရာခိုင်နှုန်းခန့်သာ အောင်မြင်သူရှိပြီး ၆၅ ရာခိုင်နှုန်းခန့်သည် အောင်မြင်မှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အတွက်လည်း မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားပေးရန် လိုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး Polytechnic University များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖွင့်လှစ်ပေးခြင်း၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် လာမည့်နှစ်အတွင်း အခြေခံပညာအထက်တန်းအထိ ပညာသင်ကြားခဲ့သော်လည်း အခြေခံပညာ အထက်တန်းစာမေးပွဲအောင်မြင်မှု မရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် Polytechnic Institute များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း၊ ပထမဆုံးအနေဖြင့် နေပြည်တော်၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း တက္ကသိုလ်ဝင်တန်း အောင်မြင်မှုမရှိသေးသူများ တက်ရောက်နိုင်မည့် Polytechnic Institute တစ်နှစ် သင်တန်းမှစ၍ နှစ်အလိုက် သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ သင်ကြားပေးမည့် ဆရာ၊ ဆရာမများခန့်အပ်ရေး၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းရေးကိုလည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း။

ထို့နောက် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် “ဒါကတော့ ပညာရေးနဲ့ဆက်စပ်ပြီးတော့ လူသားအရင်းအမြစ်နဲ့ပတ်သက်ပြီးတော့ နိုင်ငံရဲ့ ၂၀၂၅ အလွန်မှာဖြစ်လာနိုင်မယ့် အခြေအနေကို ရှင်းပြခြင်းပဲဖြစ်ပါတယ်။ ဒါက ပညာရေးအပိုင်းပေ့ါ။ မဖြစ်မနေကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ပညာရေးအားနည်းတာလည်း မှန်ပါတယ်။ ပညာရေးအားနည်းတဲ့အတွက်ကြောင့် အစစအရာရာ ထိခိုက်စေတာကိုလည်း ငြင်းလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုရှိဖို့လိုပါတယ်။ ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့လည်း ပညာရေးကို အားပေးကြဖို့၊ ပညာရေး၊ သင်ကြားရေးနဲ့ ပတ်သက်လာရင် အနှောင့်အယှက် မပေးကြဖို့၊ ကလေးတွေကို ပညာရေးလမ်းကြောင်းပေါ်မှာ တင်ပြီးတော့မှ နိုင်ငံရဲ့တည်ဆောက်ရေး၊ ကျွန်တော်တို့သွားနေတဲ့ မျှော်မှန်းချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် လူသားအရင်းအမြစ်တွေအနေနဲ့ ကိုယ့်ကလေးတွေပါအောင်လို့ လုပ်ပေးကြဖို့လိုတယ်ဆိုတာလေး ကျွန်တော်ပြောချင်ပါတယ်” ဟု ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၂ သိန်း ၂ သောင်းကျော်ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှ ယခုနှစ်အထိ အများဆုံးဖြေဆိုသည့်နှစ်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် ဖြေဆိုမှုနှုန်းမြင့်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး၏အရေးကြီးမှုကို မိမိမကြာခဏပြောကြားခဲ့ပြီး ပညာရည်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို ယခုကဲ့သို့အနှောင့်အယှက်ကင်းကင်း အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့မှုအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ နယ်မြေဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများအားလုံး၏ ဆောင်ရွက်ချက်များကို အလေးထားအသိအမှတ်ပြု ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

**ဈေးကွက်လိုအပ်ချက်ရှိသည့်**
**ပြည်တွင်းထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်၍**
**စီးပွားရေး အားပေးမြှင့်တင်ရမည်**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်မည့် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် အားနည်းလျက်ရှိကြောင်း၊ ဒေသတွင်း၌ ဈေးကွက်လိုအပ်ချက်ရှိသည့် ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများကို အသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံကျော်၊ အိန္ဒိယနိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံကျော်၊ အာဆီယံနိုင်ငံများ လူဦးရေ ၆၈၇ မီလီယံကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လူဦးရေ ၁၇၃ မီလီယံကျော်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်နီးပါး နေထိုင်ကြကြောင်း၊ အားလုံးဖိနပ်စီးကြကြောင်း၊ ဖိနပ်အတွက် ရော်ဘာ၊ သားရေလိုအပ်ချက် မည်မျှကြီးသည်ကို တွက်ကြည့်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ကားမျိုးစုံ ၁ သန်းခန့်၊ မော်တော်ဆိုင်ကယ်မျိုးစုံ ၅ သန်းခန့်ရှိပြီး အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မြောက်မြားစွာရှိကြောင်း၊ ယင်းတို့အတွက် တာယာနှင့် ကျွတ်များစွာလိုအပ်မည်ဖြစ်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြောင်း။

အဝတ်အထည်နှင့် ချည်မျှင်နှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သည့် ချည်မျှင်နှင့်အထည်အလိပ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကိုသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှရရှိသည့် သားရေများဖြင့်လည်း တန်ဖိုးမြင့်အဝတ်အထည်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေထွက်သယံဇာတပစ္စည်းများနှင့် ပတ်သက်၍လည်း ဈေးကွက်လိုအပ်ချက်ကြီးမားစွာရှိနေသည့်အတွက် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ အခြားစိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှု ဖူလုံအောင် ဒေသအလိုက် ဈေးကွက်လိုအပ်ချက်များကို စနစ်တကျတွက်ချက်မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်များအလိုက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသီးနှံများအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီခြင်းနှင့် သီးထပ်စွမ်းအားပြည့်မီခြင်း မရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဝင်ငွေထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေးအတွက် ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်း၌ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ မည်မျှထိခိုက်မှုရှိသည်ကို တွက်ချက်ကြည့်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်း စသည့် သီးနှံ ၁၀ မျိုးအား ယခုစိုက်ဧကနှင့်ပင် ပန်းတိုင်ရည်မှန်းချက် မပြည့်မီသဖြင့် နိုင်ငံမှ ဝင်ငွေလျော့နည်းရရှိမှု အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရှိကြောင်း၊ သီးထပ်စိုက်ပျိုးမှုမရှိ၍ ဆုံးရှုံးမှုများပါ ထည့်တွက်ပါက ၁၉ ဘီလီယံခန့်ရှိကြောင်း။

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများနှင့် ပတ်သက်၍လည်း ထိုသို့လုပ်ဆောင်မှုများကြောင့် ပြည်တွင်း၌ အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်မည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်မည်ဆိုပါကလည်း ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်သဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့်အစား ပြည်တွင်း၌သာ အလုပ်လုပ်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကို နည်းပညာများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ စက်မှုနည်းပညာများ စသည်တို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ကုန်ကြမ်းလိုအပ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းအတိုင်း တင်ပို့ကြကြောင်း၊ ပြောင်းကုန်ကြမ်းများကို တိရစ္ဆာန်အစာ၊ ပြောင်းကော်မှုန့် စသည်ကဲ့သို့သော တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲတင်ပို့နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဆန်နှင့်ပဲကိုလည်း တန်ဖိုးမြှင့်ပို့ကုန်အဖြစ် ပြောင်းလဲတင်ပို့နိုင်ရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ကုန်ချောများကို တင်ပို့ခြင်းဖြင့် ဈေးနှုန်းများလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြား တိုးပွားလာပြီး စားရေးလိုအပ်ချက်သည် နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အဓိကထားပြီး ရပ်တည်နိုင်သည့်နိုင်ငံတစ်ခု ဖြစ်နိုင်သည်ဖြစ်သည့်အတွက် စနစ်တကျသုံးသပ်ရှုမြင် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ကောင်စီအဖွဲ့ဝင်များက**
**အသီးသီးဆွေးနွေးတင်ပြ**

ဆက်လက်၍ ကောင်စီဝင်များနှင့် ကောင်စီတွဲဖက်အတွင်းရေးမှူးက မိမိတို့အစိုးရအဖွဲ့ ကျင်းပပေးမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ရေး၊ တည်ရှိပြီးနိုင်ငံရေးပါတီများ ပြန်လည်မှတ်ပုံတင်ခြင်းနှင့် နိုင်ငံရေးပါတီအသစ်လျှောက်ထားခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အချိန်ပေးခြင်း၊ ပညာပေးခြင်း၊ အသိပေးခြင်း စသည့်လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ပြီးဖြစ်သဖြင့် ဥပဒေအထက်၌ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းမှ မရှိသင့်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်ရေး၊ ယခုကျင်းပမည့်ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့်ကျင်းပမည်၊ မဲပေးရမည့်နည်းလမ်းများနှင့် မဲပေးနိုင်ခွင့်ရှိသူများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထုတ်ပြန်နိုင်ရေး၊ ကယားပြည်နယ်အတွင်း လက်နက်အားကိုးဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသူများကို ပြတ်ပြတ်သားသားချေမှုန်းပေးရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် ပြည်သူများ၏ အိုးအိမ်များ ပြန်လည်ဆောက်လုပ်ရန် အခက်အခဲများရှိသဖြင့် တန်ဖိုးနည်းအိမ်ရာများ ပြန်လည်တည်ဆောက်ပေးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စည်းကမ်းလိုက်နာမှု မြင့်မားစေရေး၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ

*စာမျက်နှာ ၅ သို့*

❒ **ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများနှင့် ပတ်သက်၍လည်း ထိုသို့လုပ်ဆောင်မှုများကြောင့် ပြည်တွင်း၌ အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လို၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်မည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်မည်ဆိုပါကလည်း ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်သဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့်အစား ပြည်တွင်း၌သာ အလုပ်လုပ်ကြရန်လည်း တိုက်တွန်းပြောကြားလို၊ ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကို နည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ စက်မှုနည်းပညာများ စသည်တို့ကို ဖော်ဆောင်ပေးနိုင်ရမည်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း ဝဋ္ဋ တိုးချဲ့စိုက်ပျိုးပေးရေးနှင့် ဝဋ္ဋကို အခြေခံသည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်နိုင်ရေး၊ ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ပြဿနာများစွာရှိခဲ့သဖြင့် ကြိုတင်မဲပေးနိုင်မည့် သတ်မှတ်အရည်အချင်းများအတိုင်းသာ တိကျစွာဆောင်ရွက်၍ သတ်မှတ်နေရာ၊ သတ်မှတ်အချိန်တို့ဖြင့် စည်းစနစ်ကျစွာဆောင်ရွက်ရေး၊ ယခုနှစ်အတွင်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ခဲ့သော မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်အဆင့် ကျင်းပရေး၊ အလားတူ ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ရောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့သနပ်ခါးနှင့် ပတ်သက်၍လည်း လှုံ့ဆော်မှုများ နိုင်ငံတော်အဆင့် ဆောင်ရွက်ရေး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မဲဆန္ဒရှင် စာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်စိစစ်ဆောင်ရွက်ရန် လိုအပ်မှု၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီများအနေဖြင့်လည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု၊ ပါတီများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဥပဒေအထက်တွင် မည်သူမျှမရှိ၍ ဥပဒေအတိုင်းသာဆောင်ရွက်သင့်မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှုများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခင် ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး လျာထားကြောင်း၊ အားလုံးသဘောတူညီဆုံးဖြတ်ပြီးက တစ်နိုင်ငံလုံးကို အသိပေးမှုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နိုင်ရေးအချိန်ကာလအားဖြင့် ၉ လခန့်ကျန်ရှိပြီး ကြိုတင်ပြင်ဆင်ချိန်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကိုမထိခိုက်သည့်စနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ ပါတီများမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေးမှတ်ပုံတင်ခွင့်များကို အချိန်လုံလုံလောက်လောက်ပေး၍ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

မြန်မာလူမျိုးများ၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အဆိုပါဒေသတွင် နေထိုင်သူများတွင်သာ တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသားများတွင် တာဝန်ရှိကြောင်း၊ မြန်မာ့တန်ဖိုးမြှင့်တင်ရန်အတွက် မြန်မာပြည်တွင် နေထိုင်ကြသည့်သူများအားလုံးတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်သည့်ကာလအတွင်း လုံခြုံရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာများအားလုံး စည်းလုံးကြရန် မြန်မာ့တန်ဖိုးမြှင့်တင်ကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ e - Government ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို Myanmar e - Governance Master Plan 2030 ၏ လမ်းပြမြေပုံတွင် ရည်မှန်းထားသော အဆင့်များအတိုင်း အောင်မြင်စေရန် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားကြရမည်

**နေပြည်တော် မတ် ၂၅**

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်

အစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။



e – Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး e – Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ကြိုးစားဆောင်ရွက်

အစည်းအဝေးတွင် e – Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံ၏ e–Government ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို Myanmar e–Governance Master Plan 2030 ၏ လမ်းပြမြေပုံတွင် ရည်မှန်းထားသော အဆင့်များအတိုင်း အောင်မြင်စေရန် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ICT Infrastructure များ တည်ဆောက်ခြင်း၊ e–Procurement နှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ စံများသတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ၊ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ပြည်သူ့အီလက်ထရောနစ်ဝန်ဆောင်မှုများ လျင်မြန်စွာ တိုးတက်လာစေရန်နှင့် e–Government ကို ထိရောက်မြန်ဆန်စွာ အရှိန်တိုးမြှင့် ဆောင်ရွက်နိုင်ရန် အကောင်းဆုံးနည်းလမ်းများကို ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးသွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက e–Government လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် လမ်းညွှန်မှုခံယူရန် အချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၅

**“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။**(ယာပုံ)



ငြိမ်းချမ်းရေး စကားဝိုင်းသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောင်ရွက်ပြီး “လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အနာဂတ် အလားအလာ” ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မျိုးက ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)က ဆောင်ရွက်ပြီး “ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေး ကြံ့ကြံ့ခံမှုကို ကြိုးပမ်းရာတွင် ဆက်စပ်သည့် ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာ ဇော်ဦးက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်း မေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်း ဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ် အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင်“နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ”၌ “နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာ့ငြိမ်းချမ်းရေး အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဦးမောင်မောင်ငြိမ်းက ဦးဆောင်ဆွေးနွေးသည်။

ယင်းနောက် “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်ခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာ ညိုညိုသင်းက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်း မေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ စကားဝိုင်း ဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ် အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ငြိမ်းချမ်းရေးစကားဝိုင်း ဒုတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

ငြိမ်းချမ်းရေး စကားဝိုင်း တတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**

၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်၌ လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေး နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ Brilliant Aura Co.,Ltd၊ Bellarie Production တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်အဖြစ် နေပြည်တော်၌ ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ယခုအကြိမ်သည် တတိယအကြိမ် ဖြစ်ပါကြောင်း၊ ယခုနှစ်သည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို UNSECO က ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုပြီးနောက် ပထမဆုံးအကြိမ် ဂုဏ်ပြုကျင်းပမည့် ပွဲတော်ဖြစ်သည့်အတွက် အနှစ်သာရအားဖြင့် လေးနက်သည့် ပွဲတော်တစ်ခု ဖြစ်သည်ဟု ဆိုချင်ပါကြောင်း။

ဝန်ကြီးဌာနအလိုက်မဏ္ဍပ်များ အချိန်မီပြီးစီးရေး၊ ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ လုပ်ဆောင်နိုင်ရေး၊ ဖျော်ဖြေရေး အစီအစဉ်များတွင် အလှည့်ကျ ပါဝင်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတကာမှ ဧည့်သည်များ၊ သံတမန်များ၊ အနုပညာရှင်များ၊ ကိုရီးယားနိုင်ငံမှ K-POP အဆိုတော်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည့်အတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် ရည်မှန်းချက်နှင့် အနှစ်သာရကို မိမိတို့ ဝန်ထမ်းများ၊ ပြည်သူများ သိရှိပြီး စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဇုန် ၁ တွင် ဆောင်ရွက်မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့် သနပ်ခါးသင်္ကြန်တို့တွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ပါကြောင်း၊ အနုပညာဦးစီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်မည်ဖြစ်သလို နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင်လည်း အားဖြည့်ပါဝင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပသည့်ဇုန်ဧရိယာတစ်ခုလုံး စည်းကမ်းထိန်းသိမ်းနိုင်ရေး၊ လုံခြုံရေးနှင့် ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျင်းပရေးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာက နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက နေပြည်တော် လမ်းလျှောက်သင်္ကြန် မဏ္ဍပ်ဆောက်လုပ်ရန် လျာထားမှု၊ လုံခြုံရေး၊ ရေရရှိရေး၊ ဖျော်ဖြေရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးအပါအဝင် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ဝန်ထမ်းများနှင့် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# လက်ရှိပဋိပက္ခနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို မီဒီယာကနေတစ်ဆင့် ပြည်သူလူထု သိရှိနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားရမယ်၊ ဆွေးနွေးကြရမယ်၊ တင်ပြရမယ်

ဦးမျိုးဝင်း

**"တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပလျက်ရှိရာ မတ် ၂၅ ရက်တွင် ကျင်းပသည့် ဒုတိယနေ့ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ပါဝင်တက်ရောက် ဆွေးနွေးကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။**



ဦးမျိုးဝင်း



ဒေါက်တာ ဇော်ဦး



ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)



ဦးရဲမင်းအောင်



ဒေါက်တာ သက်သက်ခိုင်

**ဦးမျိုးဝင်း Coordinator၊**
**7 EAO Alliance Secretariat**

ကျွန်တော်တို့ ဒီနေ့ မနက်ပိုင်းမှာ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ အနာဂတ် အလားအလာ ခေါင်းစဉ်ကို ဆွေးနွေးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် နောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပါဝင်တဲ့ ဆွေးနွေးမှုတွေကနေ သုံးသပ်တင်ပြထားတယ်။ NCA မူဘောင်အတိုင်း အကောင်အထည်ဖော်ဖို့အတွက်ဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ စိန်ခေါ်မှု အခက်အခဲတွေ မရှိလာအောင် ဆွေးနွေးညှိနှိုင်းသွားကြဖို့ သုံးသပ်တွေ့ရှိရပါတယ်။ လက်ရှိပဋိပက္ခနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို မီဒီယာကနေတစ်ဆင့် ပြည်သူလူထု သိရှိနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားရမယ်၊ ဆွေးနွေးကြရမယ်၊ တင်ပြရမယ်။ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနဲ့ ဖြေရှင်းရမယ်။ စားပွဲဝိုင်းရောက်အောင် အားလုံးအတူ ဝိုင်းဝန်းကြိုးပမ်းကြရပါလိမ့်မယ်။

**ဒေါက်တာ ဇော်ဦး**
**စီးပွားရေးသုတေသီ**

ဒီနေ့ ဆွေးနွေးပွဲမှာတော့ "ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေးကြံ့ကြံ့ခံမှုကို ကြိုးပမ်းရာတွင် ဆက်စပ်သည့် ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားခြင်း" ဆိုတဲ့ ခေါင်းစဉ်နဲ့ အကြံပြုဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ပဋိပက္ခတွေ များနေတဲ့အချိန်မှာ ငြိမ်းချမ်းရေးကို ဆွေးနွေးဖို့အတွက် စကားဝိုင်းတစ်ခုကို ခေါ်တဲ့အခါမှာ တချို့ကလည်း ဒီအပေါ်မှာ အားမလို အားမရ ဖြစ်နေကြတာတွေရှိပါတယ်။

ကျွန်တော်ကတော့ ဒီနေ့ ဆွေးနွေးပွဲတက်ရောက်တဲ့သူတွေ အားလုံးကို အားတက်အောင်၊ မျှော်လင့်ချက်တွေရှိအောင် အခုလို ပဋိပက္ခတွေနဲ့ စိန်ခေါ်မှုတွေကြားထဲက စီးပွားရေးကို ကြံ့ကြံ့ခံစွမ်းဆောင်နေတဲ့ ကဏ္ဍတွေက ဘာတွေရှိနေသလဲ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍပေါ့။ ပဋိပက္ခတွေ တည်ရှိနေတဲ့ ရှမ်းပြည်နယ်မှာ အထူးစိုက်ပျိုးတဲ့ ပြောင်းသီးနှံဟာ ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံရဲ့ အရင်တင်ပို့နေကျထက် သုံးဆလောက် တက်လာတာ တွေ့ရပါတယ်။

ဒီလိုပဲ ပဋိပက္ခတွေ ကြားထဲမှာ ကြံ့ကြံ့ခံဆောင်ရွက်နေတဲ့ စီးပွားရေးတွေ ရှိနေပါတယ်။ ကမ္ဘာပေါ်မှာ ဒုတိယအကြီးဆုံး စီးပွားရေးက တရုတ်နိုင်ငံ ဖြစ်သလို မကြာခင်မှာလည်း တတိယအကြီးဆုံးက အိန္ဒိယနိုင်ငံ ဖြစ်တော့မယ်။ ပဋိပက္ခတွေ ရှိနေလို့ စီးပွားရေးကျဆင်းတယ်ဆိုပေမယ့် ကျွန်တော်တို့ ပဋိပက္ခတွေ ရပ်နိုင်တာနဲ့ တစ်ပြိုင်တည်း ဒီနိုင်ငံတွေနဲ့ ချိတ်ဆက်နေတဲ့ ကျွန်တော်တို့နိုင်ငံက ချက်ချင်းလက်ငင်း ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ချက် ကြီးကြီးမားမား ရှိနေတယ်။ ဒါကြောင့်မို့ အခုလောလောဆယ် ပဋိပက္ခလျှော့ချဖို့နဲ့ ပဋိပက္ခရပ်စဲဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ နေရာတွေအားလုံးက ပဋိပက္ခတွေ ဖြစ်နေတာ မဟုတ်ပါဘူး။ ပဋိပက္ခတွေ မရှိတဲ့နေရာတွေ၊ ငြိမ်းချမ်းရေးကို ကြံ့ကြံ့ခံပြီး ဆက်လက်ထိန်းထားတဲ့ ဒေသတွေရဲ့ စွမ်းဆောင်မှုကိုလည်း အသိအမှတ်ပြုဖို့ လိုပါတယ်။ သူတို့ရဲ့ အောင်မြင်မှုကိုလည်း ကျွန်တော်တို့ လေ့လာသုံးသပ်ပြီးတော့ အတုယူသင့်ပါတယ်ဆိုပြီး ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြခဲ့ပါတယ်။

**ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)**
**ဥက္ကဋ္ဌ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

ဒီ သုံးလေးနှစ်အတွင်းမှာ ပထမဦးဆုံး နယ်ပယ်စုံက လူတွေနဲ့ငြိမ်းချမ်းရေးကိစ္စအတွက် စကားဝိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ နိုင်ငံတော်က ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလိုလားလား ရှိတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ဒီဇင်ဘာလထဲ ရွေးကောက်ပွဲပြုလုပ်ဖို့အတွက် သေချာဆောင်ရွက်ကြဖို့ လမ်းညွှန်ထားတယ်။ ၂၀၂၅ အလွန်မှာ နိုင်ငံတော်က စနစ်ကြီး တစ်ခုပြောင်းမယ်။ ပြောင်းမယ့် အချိန်မှာ အရေးကြီးဆုံးက ဘာလဲဆိုတော့ နိုင်ငံတော် တည်ငြိမ်ဖို့ ငြိမ်းချမ်းမှုရှိဖို့လိုတယ်။ အဲဒီအတွက် အခင်းအကျင်းတွေကို အားလုံးဝိုင်းပြီး ဖြစ်လာနိုင်မယ့် အသံတွေမျိုးစုံကို နားထောင်တာ ဖြစ်ပါတယ်။

ဒီနေ့ကတော့ ဒုတိယနေ့ဖြစ်တဲ့အတွက် ဆွေးနွေးမှုတွေက အရှိန်မြင့်လာတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးဆိုပြီး အပိုင်းနှစ်ပိုင်းခွဲ ဆွေးနွေးကြတယ်။ ကျွန်တော်ကတော့ နိုင်ငံရေးကဏ္ဍမှာ ဝင်ရောက်ပြီး လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေး တင်ပြခွင့်ရခဲ့တယ်။ ပြီးတော့ မတူညီတဲ့ အမြင်တွေနဲ့ မသိသေးတဲ့ အရာတွေကိုလည်း သိခဲ့ရတယ်။

နိုင်ငံတော်က အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးကိစ္စမှာ ဒီဆွေးနွေးပွဲရလဒ်တွေက အထောက်အကူပြုမယ်လို့ မြင်ပါတယ်။ မြန်မာနိုင်ငံကြီး ငြိမ်းချမ်းဖို့ လိုပါတယ်။ ငြိမ်းချမ်းမှ အားလုံးဖွံ့ဖြိုးတိုးတက်မှာပါ။ ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ဖို့ အရေးကြီးဆုံးကတော့ နိုင်ငံတော်က ဘယ်လိုပဲလုပ်လုပ်၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ဘယ်လိုပဲညှိညှိ ပြည်သူတွေအားလုံး ပါဝင်လာဖို့ လိုပါတယ်။ ဒါကြောင့် ပြည်သူအားလုံးရဲ့ စိတ်ထဲမှာ ငြိမ်းချမ်းချင်တဲ့စိတ်တွေ ရှိဖို့လိုပါတယ်။

**ဦးရဲမင်းအောင် ဒုတိယဥက္ကဋ္ဌ၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**ကုန်သည်များနှင့်စက်မှုလက်မှု**
**လုပ်ငန်းရှင်များ အသင်းချုပ်**

နိုင်ငံတော်ကနေ စီစဉ်ကျင်းပတဲ့ ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲမှာ စီးပွားရေး နယ်ပယ်ကနေ လာရောက်ပြီးတော့ ပါဝင်ဆွေးနွေးတာ ဖြစ်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ၊ အခက်အခဲတွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ငြိမ်းချမ်းရေးက အရေးပါသလို၊ ငြိမ်းချမ်းရေးအတွက်လည်း စီးပွားရေးက အရေးပါတဲ့အတွက် အပြန်အလှန် အကျိုးပြုနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက လယ်ယာသားငါး လုပ်ငန်းတွေကို အခြေခံတာဖြစ်တဲ့အတွက် လယ်ယာသားငါးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ အကြံပြု တင်ပြဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတော် အကြီးအကဲကလည်း ရွေးကောက်ပွဲကျင်းပဖို့ ပြောထားတာရှိတဲ့အတွက်ကြောင့် ရွေးကောက်ပွဲ မတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲပြီးတဲ့အချိန် ရေတို ရေရှည် ဆောင်ရွက်သွားရမယ့် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ့် စီးပွားရေးအနေအထားတွေအပေါ်မှာ ကျွန်တော်တို့ ပုဂ္ဂလိကထင်မြင်ယူဆချက်တွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပွဲ ကျင်းပတဲ့အတွက် မိတ်ဆွေတွေနဲ့ ပြန်တွေ့ခဲ့ရတယ်။ မတူညီတဲ့ အယူအဆတွေ၊ အမြင်တွေ နားထောင်ရတယ်၊ အချင်းချင်းလည်း မျှဝေနိုင်တယ်။ တစ်ယောက်ရဲ့အခက်အခဲကိုလည်း တစ်ယောက်က ကူညီစဉ်းစားပြီးတော့ ဖြေရှင်းပေးနိုင်တယ်။ ဘာပဲပြောပြော ယုံကြည်မှု၊ နားလည်မှုတွေ တည်ဆောက်နိုင်တယ်။

မြန်မာနိုင်ငံမှာ နေထိုင်ပြီးတော့ မြန်မာနိုင်ငံရဲ့ ရေရှည်အကျိုးစီးပွား၊ ပုဂ္ဂလိက အကျိုးစီးပွားတွေကို မျှမျှတတ တိုင်ပင်ညှိနှိုင်းဆွေးနွေးနိုင်တယ်။ အားလုံးအတူ လက်တွဲပြီးတော့ အလုပ်လုပ်နိုင်တယ်။ ဒါဟာ ကောင်းမွန်တဲ့ အစဉ်အလာနဲ့ အလေ့အထဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့ဒီလိုဆွေးနွေးပွဲတွေကို တရားဝင် အစည်းအဝေးခန်းမမှာ ဆောင်ရွက်သလို အလွတ်သဘော မကြာခဏ ထိတွေ့ဆွေးနွေးမှုတွေကနေလည်း ငြိမ်းချမ်းရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို သွားရမယ်လို့ ထင်ပါတယ်။

**ဒေါက်တာသက်သက်ခိုင်**
**ဥက္ကဋ္ဌ၊ ပြည်သူ့ရှေ့ဆောင်ပါတီ**

ဒီလိုဆွေးနွေးပွဲတွေက ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုပါတယ်။ ဒီဆွေးနွေးပွဲတွေကနေ လူတစ်ယောက်ချင်းစီရဲ့ ရင်ထဲမှာရှိတဲ့ သဘောထားအမြင်တွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခွင့်ရတယ်။ အချင်းချင်း နားလည်မှုယူပြီးတော့ အလုပ်လုပ်တဲ့ သဘောဖြစ်တဲ့အတွက် ယုံကြည်မှုတည်ဆောက်တာလည်း ဖြစ်ပါတယ်။ အခုဆွေးနွေးပွဲမှာ လူသစ်တွေနဲ့ တွေ့ရတယ်၊ မတူညီတဲ့ ရှုထောင့်ကနေ ဆွေးနွေးမှုတွေကို ကြားသိရတယ်။ လူတိုင်းက ကိုယ့်ရဲ့ အတွေးအခေါ် အယူအဆ၊ မျှော်လင့်ချက်၊ အတွေ့အကြုံတွေကို လွတ်လွတ်လပ်လပ် ပြောဆိုခွင့်ရတဲ့အတွက် တဖြည်းဖြည်း ကွာဟမှုက ကျဉ်းမြောင်းလာပြီး နားလည်မှုတွေ၊ လက်ခံမှုတွေ၊ တူညီသွားပြီးတော့ ငြိမ်းချမ်းရေးနဲ့ နီးစပ်သွားပါတယ်။

**တွေ့ဆုံမေးမြန်း-သန်းကျော်အောင်**
**ဓာတ်ပုံ-ကိုထိန်**



## ဗိုလ်တထောင်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းကုသပေး

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ "မရှိ၍ မလင်းသူမရှိစေရ" အစီအစဉ်ဖြင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွင်းဆင်းကုသသည်။

မျက်စိ ဝေဒနာရှင်များမှာ ဗိုလ်တထောင်မြို့နယ်မှ ၇၁ ဦး၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ ပုဇွန်တောင်နှင့် သာကေတမြို့နယ်တို့မှ စုစုပေါင်း ၂၈၁ ဦးအား မျက်စိစမ်းသပ်ကုသပေးခဲ့ပြီး ခွဲစိတ်ရမည့် မျက်စိဝေဒနာရှင် ၃၃ ဦး၊ မျက်မှန်တပ်ဆင်ပေးသူ ၁၈၀၊ အခြား မျက်စိဝေဒနာရှင် ၆၈ ဦး တို့ကို ကုသမှုပေးခဲ့ကာ မျက်စိ ဝေဒနာရှင်များအား ရေသန့်၊ အချိုရည်၊ မုန့်များဝေငှခဲ့သည်။

ကွင်းဆင်း ကုသပေးရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသူရနှင့် ဆရာဝန်၊ သူနာပြုများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**ခင်ဝင်း(ပြန်/ဆက်)**

နှစ် (၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# တပ်မတော်၏ တန်ဖိုး

မိုးမြင့်

နိုင်ငံတိုင်းတွင် အမျိုးသားနိုင်ငံရေး၊ အမျိုးသားအကျိုးစီးပွား၊ အမျိုးသားရေးတာဝန်များဟူ၍ ကိုယ်ပိုင်လက္ခဏာ၊ ကိုယ်ပိုင်ရပ်တည်မှု ကိုယ်စီရှိကြသည်။ နိုင်ငံတစ်နိုင်ငံ အင်အားတောင့်တင်းပြီး ဖွံ့ဖြိုးတိုးတက်သည်ဆိုသည်မှာ ထိုကိုယ်ပိုင်ရပ်တည်ချက်များ တိကျခိုင်မာပြတ်သားခြင်းကြောင့် ဖြစ်ပါသည်။

ကိုယ့်နိုင်ငံအကျိုးစီးပွားက ဘာလဲ၊ ကိုယ့်တာဝန်ကဘာလဲ မပြတ်သားသရွေ့၊ မတိကျသရွေ့ ရပ်တည်ချက်ခိုင်မာမည်မဟုတ်၊ ရပ်တည်ချက်မမှန်သည့် နိုင်ငံများ စည်းလုံးမှုမရှိ ညီညွတ်မှုပြိုကွဲပြီး နိုင်ငံကျဆုံးရသည့်အခြေအနေအထိ ရောက်ကြရသည့် သမိုင်းသင်ခန်းစာအမြောက်အမြား ကမ္ဘာမှာ ရှိခဲ့၊ ရှိဆဲဖြစ်သည်။

သုတေသီများက သင်ခန်းစာဖော်ထုတ်ကြသည့်အခါ နိုင်ငံပြိုကွဲပျက်စီးသည်အထိ အဆုံးသတ်ရသည့် နိုင်ငံတိုင်းမှာ တပ်မတော်ပြိုကွဲသွားခြင်းက အကြောင်းရင်းတစ်ခုဖြစ်ပြီး ခေါင်းဆောင်များ၏ အမြော်အမြင်နည်းပါးမှု၊ တပ်တွင်းမစည်းလုံးမှုနှင့် တိုက်ခိုက်ရေးစိတ်ဓာတ်မရှိမှု၊ ရန်သူနှင့် ပူးပေါင်းမိသည့် သစ္စာဖောက်လုပ်ရပ်များက အခြားလွှမ်းမိုးသော အကြောင်းတရားများအဖြစ် ပါဝင်ကြောင်းဖော်ထုတ်ခဲ့ကြသည်။ ပဋိပက္ခမျိုးစုံဖြစ်သည့်နိုင်ငံ၊ မညီညွတ်သည့်နိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေး ဘယ်လိုပင် ပရမ်းပတာဖြစ်နေသည်ဆိုစေ ထိုနိုင်ငံ၏ အမြဲတမ်းတပ်မတော်ကြီး ခိုင်မာအားကောင်းနေသရွေ့၊ စည်းလုံးညီညွတ်နေသရွေ့ ထိုတိုင်းပြည်၊ ထိုနိုင်ငံ ဘယ်တော့မှ ပြိုကွဲပျက်စီးမည်မဟုတ်ပါ။

### မငြိမ်းချမ်းခြင်းအကြောင်းတရားများ

မြန်မာနိုင်ငံအတွက်ကော မည်သို့ယူဆနိုင်မည်နည်း။ သမိုင်းတွင် ခေါင်းဆောင်မှု ညံ့ ၊ အုပ်ချုပ်မှုညံ့၍၊ စည်းလုံးညီညွတ်မှုမရှိ၊ ခေတ်မီတပ်မတော်မရှိ၍ နှစ်ပေါင်း ၁၀၀ ကျော် ကျွန်ဖြစ်ခဲ့ရသည့်နိုင်ငံ၊ လွတ်လပ်ရေးရပြီး လပိုင်းအတွင်း သနွေတည်သောင်းကျန်းခဲ့ကြသည့် ပြည်တွင်းသူပုန်ထမှုနှင့် မငြိမ်းချမ်းမှုဝဲဩဃထဲ တဝဲလည်လည် အမြဲရှိနေသည့် နိုင်ငံ၊ နိုင်ငံရေးသမားတွေ မညီညွတ်ခဲ့ကြ၍ နိုင်ငံရေးကိုနိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းခဲ့ကြ၍ ပြည်ထောင်စုပြိုကွဲမည့်အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမည့်အရေး၊ အချုပ်အခြာတည်တံ့ခိုင်မြဲရေးအန္တရာယ်များ အကြိမ်ကြိမ်ကြုံခဲ့ရသည့်နိုင်ငံ...။

ထို့ကြောင့်လည်း လွတ်လပ်ရေးရပြီး ၇၇ နှစ်ရှိခဲ့သည့်တိုင် တိုင်းပြည်က မငြိမ်းချမ်းခဲ့၊ ဖွံ့ဖြိုးဆဲသံသရာမှာ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်ကများသည်။ အလုံးစုံ ပျက်သုဉ်းပြိုကွဲမည့်အရေး အကြိမ်ကြိမ်နီးခဲ့သလို အကြိမ်ကြိမ်လည်း ကယ်တင်ခဲ့ရသည်။ မြန်မာ့သမိုင်းမှာ ၁၉၅၈၊ ၁၉၆၂၊ ၁၉၈၈၊ ၂၀၂၁ ခုနှစ်ကာလများတွင် တိုင်းပြည်၌ အဆိုးရွားဆုံးအခြေအနေများ ကြုံခဲ့ရသည်။ နိုင်ငံရေးသမားများ အကွဲကွဲအပြားပြားဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုများကြုံရသည့် ထိုကာလများတွင် စနစ်တစ်ခု၏ အားနည်းချက်များ ထင်ရှားပေါ်လွင်ခဲ့သည်။

တိုင်းပြည်တည်ငြိမ်မှုမရှိ၊ ပျက်စီးမည့်အခြေအနေများ ဆက်တိုက်ရင်ဆိုင်ခဲ့ကြရသည်။ အားပြိုင်၊ အပြုတ်တိုက်၊ အပြန်အလှန်ကလဲ့စားနိုင်ငံရေးညစ်လုံးများအောက်မှာ အချို့နိုင်ငံရေးခေါင်းဆောင်များ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ဖျက်ဆီးသလို ပြုမူကြသည်ကို မရိပ်မိကြ။ ကိုယ့်အခြေအနေကိုယ်မသိနိုင်လောက်အောင်ပင် ဖြစ်ခဲ့ရသည်။ ထိုခေတ်ထိုအခါက နိုင်ငံတွင် ပြဿနာဗရပွနှင့် ပဋိပက္ခမျိုးစုံကို ဖြေရှင်းနိုင်စွမ်းမရှိခဲ့ကြ၊ နိုင်ငံကိုကယ်တင်မည့်နည်းလမ်းမရှိခဲ့သလို ကယ်တင်မည့်နိုင်ငံရေးသမားလည်း မရှိခဲ့ကြပါ၊ မပြတ်သားလျှင်လွတ်လပ်ရေးဆုံးရှုံးမည့် အန္တရာယ်ကို တပ်မတော်ဆိုသည့် အင်စတီကျူးရှင်းတစ်ခုကသာ ဝင်ရောက်ဖြေရှင်းခဲ့ရသည်။ ဖြေရှင်းသည်ဆိုသည်မှာ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ တာဝန်ယူရခြင်းပင်ဖြစ်သည်။ သမိုင်းပေးတာဝန်အရလည်း ဖြစ်ခဲ့သည်။



(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ စစ်ရေးပြတပ်ခွဲများ တပ်မတော်စစ်ရေးပြကွင်းအတွင်းသို့ ချီတက်ဝင်ရောက်လာစဉ်။ (၂၇-၃-၂၀၂၄)

**❖ အနာဂတ်စိန်ခေါ်မှုများကြားမှာ နိုင်ငံအတွက် ရှိနှင့်ပြီးသား အပေါင်းလက္ခဏာဆောင်သော အင်အားနှင့် အခွင့်အလမ်းမှန်သမျှကို အကောင်းဆုံးအသုံးပြုနိုင်စွမ်းရှိဖို့တော့ လိုအပ်မည်ဖြစ်။ ဤတွင် တပ်မတော်ဟူသည့် အဓိကမဏ္ဍိုင်ကြီးက နိုင်ငံ၏ အင်အားအစစ်အမှန်ဖြစ်နေခဲ့။ ကာကွယ်ရေးနှင့် လေ့ကျင့်ရေးက အဓိကတာဝန်ဆိုသော်လည်း ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ဘာသာသာသနာ၊ လမ်းတံတားပြုပြင်တည်ဆောက်မှုမှအစ အားလုံးသောပြည်သူအကျိုးပြုကဏ္ဍများစွာမှာ ပါဝင်ထမ်းရွက်နေရသည့် အတိုင်းအတာကို မြင်အောင်ကြည့်ဖို့လိုပါမည်**

### စစ်ပွဲမဟုတ်သည့်စစ်ပွဲများအပါအဝင်ဆင်နွှဲ၍

လက်ရှိ ၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများကားတပ်မတော်ကော ပြည်သူပါ ခက်ခက်ခဲခဲ ရုန်းကန်ရသည့် အခြေအနေများဖြစ်သည်။ ပြည်တွင်း ပြည်ပဖိအားများ တစ်ပြိုင်တည်း ရင်ဆိုင်နေရသည့် ပြဿနာများကို တပ်မတော်မှလွဲ၍ မည်သူဖြေရှင်းနိုင်မည်နည်း။ နိုင်ငံတကာမျက်နှာစာမှာလည်း နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ပြိုင်ဆိုင်မှုများကြားအခြေအနေက အများကြီးမကောင်းလှ။ စစ်ရေး၊ စီးပွားရေး အင်အားအပြိုင်အဆိုင် တည်ဆောက်ကြပြီး ကမ္ဘာအနှံ့ တင်းမာမှုမမြင့်တက်သည့် နေရာဟူ၍လည်းမရှိ။

ပထဝီနိုင်ငံရေး အားသာချက်ယူချင်သည့် ပြည်ပအားပြိုင်မှုများအောက်မှာ proxy အဖြစ်မခံရန်နှင့် နိုင်ငံအချုပ်အခြာ ပွဲပါမသွားရန် ကြိုးစားကာကွယ်နေသည်မှာလည်း တပ်မတော်ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှု (Telecom fraud) ခေါင်းစဉ်အောက်တွင် စစ်နယ်ရှင်လက်နက်ကိုင်များ၏ နိုင်ငံအား ဖြိုခွဲဖျက်ဆီးမှုများစွာကို ရင်ဆိုင်တိုက်ခိုက်နေရသည်။ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသည့် အဖျက်သမားအုပ်စုများကို သဘောထားကြီးကြီးဖြင့် ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NCA သဘောတူညီချက်များအတိုင်း လက်တွဲပါဝင်လာအောင်လည်း ဦးတည်ဆောင်ရွက်နေရသည်။ နိုင်ငံတော်ကာကွယ်ရေးတစ်ခုတည်းမဟုတ်၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ လုံခြုံမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအစုံ ကူညီဆောင်ရွက်ပေးနေသည်မှာ ထင်ရှားမြင်သာပါသည်။

နိုင်ငံအခြေအနေအရ ဘယ်နယ်ပယ်မှာမှ လစ်ဟင်း၍မရ၊ တတ်နိုင်သမျှ ပြည်သူကို ကူညီစောင့်ရှောက်ရမည်ကို တပ်မတော်က သိပါသည်။ တပ်မတော်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)နှင့် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့က ပြည်သူအကျိုးပြု သက်သေများပါပဲ။ ကျန်းမာရေးနှင့်ပတ်သက်၍ သူတို့ကူညီမှုက ဘယ်လောက် ထိရောက်မှုရှိနေသလဲ၊ ဒေသခံပြည်သူတွေ အသိဆုံးဖြစ်သည်။ မြစ်တွင်းသွား ကျန်းမာရေးစောင့်ရှောက်မှု ၁၉ ကြိမ်၊ ပင်လယ်သွား ၁၈ ကြိမ်အထိ စစ်ပွဲမဟုတ်သည့် စစ်ပွဲများဆင်နွှဲပြီး နိုင်ငံတစ်နံတစ်လျားက သိန်းနှင့်ချီသည့် ဒေသခံပြည်သူများကို ထိထိရောက်ရောက် အကူအညီများပေးနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ကိုဗစ်အပါအဝင် ရောဂါကပ်သဘာဝကပ်ဘေးများ ကျရောက်တိုင်း အချိန်နှင့်တစ်ပြေးညီ ကူညီနိုင်ခဲ့ကြသည်။ ကာကွယ်ရေးအပြင် ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်များက နိုင်ငံဖွံ့ဖြိုးမှုကို ထင်ဟပ်နေပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ကြိုးပမ်းမှုများအပေါ် သက်ရောက်မှု အတိုင်းအတာတစ်ခုရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

### ရုပ်ပိုင်းစိတ်ပိုင်းအင်အားများဖြင့် တည်ဆောက်နေသည့် ကာကွယ်ရေးအင်အား

သို့သော် ပဋိပက္ခပေါင်းစုံ၊ ဖိအားမျိုးစုံ၊ အနာဂတ်စိန်ခေါ်မှုများကြားမှာ နိုင်ငံအတွက် ရှိနှင့်ပြီးသား အပေါင်းလက္ခဏာဆောင်သော အင်အားနှင့် အခွင့်အလမ်းမှန်သမျှကို အကောင်းဆုံးအသုံးပြုနိုင်စွမ်းရှိဖို့တော့ လိုအပ်မည်ဖြစ်သည်။ ဤတွင် တပ်မတော်ဟူသည့် အဓိကမဏ္ဍိုင်ကြီးက နိုင်ငံ၏အင်အားအစစ်အမှန်ဖြစ်နေခဲ့သည်။ ကာကွယ်ရေးနှင့် လေ့ကျင့်ရေးက အဓိကတာဝန်ဆိုသော်လည်း ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ဘာသာ သာသနာ၊ လမ်းတံတားပြုပြင်တည်ဆောက်မှုမှအစ အားလုံးသော ပြည်သူအကျိုးပြုကဏ္ဍများစွာမှာ ပါဝင်ထမ်းရွက်နေရသည့် အတိုင်းအတာကို မြင်အောင်ကြည့်ဖို့လိုပါမည်။

ဤနိုင်ငံ၏ ထူးခြားသောအခြေအနေ၊ နောက်ခံသမိုင်းကြောင်းအရ လိုအပ်သည့်နေရာတိုင်းမှာ တပ်မတော်၏ တာဝန်တစ်ရပ်နှယ်ခံယူ၍ ပါဝင်ကူညီနေခြင်းပင်ဖြစ်သည်။ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းမှာ မပါလျှင်မဖြစ်သော အင်စတီကျူးရှင်းတစ်ခုဖြစ်သည့် အလျောက်ခေတ်မီပြီး အင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ဖြစ်ထွန်းရေး လက်ရှိကော အနာဂတ်မှာပါ ကြိုးပမ်းတည်ဆောက်နေရမည်ဖြစ်သည်ကို နားလည်သဘောပေါက်ထားရပါမည်။ အရေးပေါ်ကာလတွင် ပြည်သူပါဝင်သော ပြည်သူ့စစ်မဟာဗျူဟာ၊ ခေတ်နှင့်လျော်ညီသော နည်းပညာနှင့် စစ်နည်းဗျူဟာများ၊ အထက်အောက်ဆက်ဆံရေး၊ တပ်တွင်းတပ်ပြင်စည်းရုံးရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်မှု၊ တိုက်ခိုက်ရေးစိတ်ဓာတ်၊ အမိန့်နာခံကောင်းမွန်မှုနှင့် စည်းကမ်းသေဝပ်မှု၊ ထိုက်တန်သောဂုဏ်ပြုမှုများဖြင့် ပြည်တွင်းကာကွယ်ရေး အင်အားကို ခိုင်မာအောင်တည်ဆောက်နေခြင်းဖြစ်သည်။

သမိုင်းသင်ခန်းစာလည်း များစွာရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ပြည်ပ မိတ်ဆွေကောင်းများနှင့် ပူးပေါင်း၍လည်း အခွင့်အလမ်းကောင်းများ

စာမျက်နှာ ၉ သို့

# တောင်ခမ်းမြေမှာ ပွင့်ဝေလာသောပန်းများ

( ၁ )

လောက်ကိုင် လားရှိုး၊ ရှေ့ဆက်တိုးရင်း
ထိုးဖောက်တိုက်ခိုက်၊ ရန်လိုလိုက်၍
ဆက်တိုက်ဆင်နွှဲ၊ မြို့ရွာထဲထိ
ရက်စွဲများမှာ၊ ကြာမြင့်လာပြီး
ခုခါကျောက်မဲ၊ နောင်ချိုထဲတိုင်
စစ်လည်းရောက်လာ၊ ဆုံးရှုံးပါ၏
ရပ်ရွာလည်းကျေ၊ ပြည်သူသေလျက်
အိမ်နေလည်းခက်၊ စီးပွားပျက်ကာ
လက်နက်ဖုံးသံ ဆူပွက်ည...။

( ၂ )

နောင်ချိုမှသည်၊ တောင်ခမ်းဆီသို့
စစ်ချီတိုက်ထား၊ ရန်သူများတို့
အင်အားသုံးကာ၊ တိုက်ခိုက်ပါလည်း
ဘာမထီစစ်သား၊ ကြံ့ခိုင်အားဖြင့်
တိုက်ထားကျွမ်းကျင်၊ စစ်မြေပြင်တွင်
သူတင်ကိုယ်တင်၊ ခံစစ်ဆင်၍
ရင်ဆိုင်တိုက်သော်၊ တို့ရဲဘော်တို့
သေသော်ငရဲမလား၊ ဆိုစကားအတိုင်း
ကျားထိုးအော်သံ မိုးထက်ညံ...။

( ၃ )

ရက်ပေါင်းရှည်ကြာ၊ တိုက်ခိုက်လာသော
များစွာပလောင်၊ အမိုက်မှောင်တို့
လောင်းကောင်တွေထပ်၊ ခြေလက်ပြတ်အောင်
ပစ်ခတ်၍ထား၊ မောင်စစ်သားတို့
စွမ်းအားညီညာ၊ တိုက်ခိုက်ပါရင်း
မဟာဓိဋ္ဌာန်၊ ငါ့အလံကို
လွှင့်ပျံလိုက်စမ်း၊ အို...တောင်ခမ်းဝယ်
ထမ်းရွက်တာဝန်၊ ပြည့်သားမွန်သည်
ခွန်အားပြည့်လာ စွမ်းရည်သာ...။

( ၄ )

ခုခါတောင်ခမ်း၊ ပန်းတို့လန်း၍
တောတန်းဝေဆာ၊ လှပလာပြီ
မွှေးဖြာသင်းထုံ၊ ရနံ့စုံနှင့်
ရင်ခုန်ရှုဖွယ်၊ တိမ်ပင်လယ်တို့
လွယ်မောတောင်မှ၊ မြူခိုးအလှဖြင့်
ပန်တင့်စွာ၊ ရှိခဲ့ပါပေ့၊
ပွင့်ကာဝေစီ၊ ပန်းချယ်ရီကြောင့်
သီကျူးတေးသံ၊ မိုးသို့ညံလျက်
အောင်လံလွှင့်ပျံ၊ အားသစ်မာန်ဖြင့်
ဘေးရန်ကင်းအောင် သူစွမ်းဆောင်။
တောင်ခမ်းမှသည် ပြည့်ဂုဏ်ရောင်...။ ။

===================================

**နှစ် (၈၀) ပြည့်တပ်မတော်နေ့နှင့်**
**တောင်ခမ်းမြေမှ ဘာမထီများသို့ ဂုဏ်ပြုရေးဖွဲ့ပါသည်...။**

**ရဲမင်းစိုး**

## တောင်ငူပညာရေးဒီဂရီကောလိပ်၌ ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်းဖွင့်

**တောင်ငူ မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေး ဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အမှာစကားပြောကြားသည်။ ထို့နောက် တောင်ငူပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။



တောင်ငူပညာရေးဒီဂရီကောလိပ်၌ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာ သင်တန်း (Dip.Ep) အမှတ်စဉ် (၁/၂၀၂၅) ကို မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကာ တိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမ ၉၀၀ တက်ရောက်သင်ကြားလျက်ရှိပြီး ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ၊ သင်ပြနည်းဘာသာရပ်များ၊ ICT၊ ကာယ၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှု၊ စက်မှုလက်မှု၊ ပန်းချီ၊ ဂီတ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သင်ခန်းစာများ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## ဘီးလင်းမြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းဖွင့်

**ဘီးလင်း မတ် ၂၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ပညာ့အားမာန်) ခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းကို မတ် ၂၄ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးဝင်းရှိန်က အမှာစကား ပြောကြားပြီး ဒုတိယမြို့နယ် ပညာရေးမှူး ဦးတင်မွန်က သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြဆရာ ဆရာမ ၁၂ ဦးတို့က သင်တန်းသား သင်တန်းသူ ၁၉၀ ကို အလယ်တန်းအဆင့် ဘာသာရပ်များကို ဆွေးနွေးပို့ချသည်။

အဆိုပါ အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းကို မတ် ၂၄ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

ရှာဖွေကာ ခေတ်မီကာကွယ်ရေးအင်အားကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံကာကွယ်ရေးအင်အားတွင် ရုပ်ပိုင်းဆိုင်ရာအင်အားအပြင် စိတ်ဓာတ်အင်အားသည်လည်း အလွန်ပင်အရေးကြီးကြောင်း အတိတ်နှင့်လက်ရှိ ဖြစ်စဉ်ဖြစ်ရပ်များစွာမှ သင်ခန်းစာရနိုင်ပါသည်။ လက်နက် လူအင်အားချို့တဲ့စေကာမူ ခေါင်းဆောင်မှုကောင်းဖြင့် တိုက်ချင်ခိုက်ချင်စိတ်ပြင်းပြပြီး သစ္စာရှိ၊ စည်းကမ်းကောင်းလျှင် မည်သို့သောရန်သူဖြစ်ပါစေ အနိုင်ယူခဲ့သည့် သင်ခန်းစာများရှိပါသည်။

စိတ်ဓာတ်အင်အားအသာစီးကြောင့်ပဲ ရန်သူကို အနိုင်ရခြင်းဖြစ်သည့်အတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုကဏ္ဍမှာ တပ်မတော်က အားတစ်ခုအဖြစ် ဘာကြောင့်အမြဲရပ်တည်နေရသလဲဆိုသည့် မေးခွန်းတွင်လည်း ဤစိတ်ဓာတ်မည်သော အဖြေကိုပဲ ပေးရပါလိမ့်မည်။ နိုင်ငံနှင့် အမျိုးချစ်စိတ်ဖြင့် နိုင်ငံနှင့် ပြည်သူအတွက်ဆို အသက်ပေးရဲသည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားတို့အပေါ် ထားသည့်စေတနာ၊ တပ်မတော်အပေါ် သစ္စာရှိမှုနှင့် စွန့်လွှတ်စွန့်ဝံ့သည့် ရဲဘော်ရဲဘက်ချင်း အသက်ပေးရဲသည့် အဖွဲ့အစည်းစိတ်ဓာတ်၊ ခေါင်းဆောင်တို့၏ အမြော်အမြင်နှင့် အုပ်ချုပ်မှုစွမ်းရည်၊ လက်ရုံးရည် နှလုံးရည် အပြည့်ဖြင့် စစ်စည်းရုံးနိုင်စွမ်း၊ ရန်သူ မိမိအခြေအနေအရပ်ရပ်ကို သိမြင်သုံးသပ်နားလည်နိုင်စွမ်း၊ တစ်နေ့ ၂၄ နာရီအပြည့် တာဝန်ရှိစိတ်ခံယူနိုင်မှု၊ လေ့ကျင့်သားပြည့်ဝမှုနှင့် ပညာရပ်အလိုက် ကျွမ်းကျင်လိမ္မာမှု... စသည် စသည် စိတ်ဓာတ်ကောင်းလျှင် အောင်ပွဲဆင်နိုင်စွမ်း၍ စိတ်ဓာတ်အပေါ်မှာ ပညာဉာဏ်ဆင့်နိုင်လျှင်ဖြင့် နိုင်ငံအကျိုးပြုမည်သည့်အဖွဲ့အစည်းဖြစ်ပါစေ အောင်ပွဲဆင်နိုင်မည်ဖြစ်သလို အချက်အချာနေရာတွင်လည်း အမြဲရပ်တည်နေနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဤအရည်အချင်း၊ ဤစေတနာများကြောင့်ပင် တပ်မတော်သည် နိုင်ငံ၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ သမိုင်းပေးတာဝန်အရ တာဝန်ယူနေရခြင်းဖြစ်မည်ဟုယုံကြည်ပါသည်။ မြန်မာတပ်မတော်ကဲ့သို့ နိုင်ငံအနှံ့၊ ဒေသအနှံ့ သူပုန်အဖွဲ့များစွာနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်နေရသည့် တပ်မတော်ဟူ၍လည်း ကမ္ဘာမှာ တစ်နိုင်ငံမှ မရှိခြင်းကို လက်ခံနိုင်ရမည်ဖြစ်သည်။

ဖိအားအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကြားမှာ အလွန်အလုပ်များသည့် တပ်မတော်တစ်ရပ်ပါပဲ။ ထို့ကြောင့်လည်း နိုင်ငံအနှံ့ ကာကွယ်ရေးအင်အားတည်ဆောက်ပြီး ငြိမ်းချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ပြည်သူအကျိုးပြု အလုံးစုံဆောင်ရွက်နေရသည့် တပ်မတော်တစ်ရပ်အနေနှင့် အားနည်းချက်၊ ဖြစ်ချက်များနှင့်အတူ ပြုပြင်စရာများ မရှိမဟုတ် ရှိနေမည်သာဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ ဤပြည်ထောင်စုကြီးအတွင်း နေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားအားလုံးတွင် ဖော်ပြပါစိတ်ဓာတ်မျိုး၊ ပညာဉာဏ်နှင့် အမြော်အမြင်၊ နိုင်ငံသားပီသသည့် အရည်အသွေးများ ကောင်းစွာပိုင်ဆိုင်လာပြီး စည်းလုံးညီညွတ်လာကြသည့် တစ်နေ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ ကျွန်တော်တို့နိုင်ငံသားအားလုံးလည်း တပ်မတော်နှင့်အတူ လက်တွဲပါဝင်လာနိုင်မည်ဟု ယုံကြည်ပါသည်။

ဘေးအန္တရာယ်အသွယ်သွယ်ကို ခါးခါးသီးသီး ကြုံတွေ့လိုက်ရသည့် ဒေသခံပြည်သူများကမူ တပ်မတော်၏ သဘောထားအမှန်ကို နားလည်လက်ခံသွားကြပါပြီ။ အရေးကြီးသည်မှာ ပြည်သူတစ်ရပ်လုံး ပါဝင်လာဖို့ပင်။ ထို့အတွက် လက်ရှိမှာ ကျွန်တော်တို့အားလုံး နိုင်ငံအခြေအနေကို သဘောပေါက်နားလည်ထားရန်နှင့် အခြေအနေမှန်ကို သုံးသပ်နိုင်စွမ်းရှိရန်၊ တပ်မတော်၏ တန်ဖိုးကို ပြည်တွင်း ပြည်ပ အခြေအနေများနှင့်ယှဉ်၍ ပိုမိုသိမြင်နားလည်ရန်သည် လိုအပ်ချက်တစ်ခု ဖြစ်နေပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ- ၂ ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဖိတ်ခေါ်ရန် လိုကြောင်း၊ ထို့ပြင် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ကဏ္ဍ တိုးမြှင့်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ ကုမ္ပဏီများမှ Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနေပြီဖြစ်၍ ပိုမိုတိုးတက်ထုတ်လုပ်ရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity–GDE) အဖြစ် ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limited နှင့် တရုတ်နိုင်ငံဘက်မှ CITIC Consortium တို့အကြား နီးနီးကပ်ကပ် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုအသစ်ဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်ပတင်ပို့မှု တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဇုန်အတွင်းရှိလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရန် တို့ကို မှာကြားသည်။



ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ပြုလုပ်သည့် ပထမအကြိမ် ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း (Transshipment)လုပ်ငန်းစဉ် စတင်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ပြုလုပ်သည့် ပထမအကြိမ် ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း (Trans-shipment) လုပ်ငန်းစဉ် စတင်ခြင်း အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal (AWPT) ဆိပ်ကမ်းတံတား၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင် ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ကုန်သေတ္တာဆိပ်ကမ်း တံတား






များနှင့် ကုန်သေတ္တာသင်္ဘောလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Transship-ment ကုန်သေတ္တာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိပ်ကမ်းများသို့ ပို့ဆောင်မည့် MV. SITC Yuanming သင်္ဘောပေါ်သို့ စတင်တင်ဆောင်ခြင်းကို ကြည့်ရှုအားပေးကြပြီး Asia World ဆိပ်ကမ်း တံတားအတွင်း ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တောင်အာရှနှင့်အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများကို ချိတ်ဆက်ပေးနိုင်သည့် အနေအထားတွင် ရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသည် အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဆိပ်ကမ်းများသို့ ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း(Transshipment) နည်းလမ်းကို အသုံးပြုပြီး ဒေသတွင်းကြားခံဆိပ်ကမ်း (Transit Port) အဖြစ် ဆောင်ရွက်နိုင်မည့် အနေအထားရှိပါကြောင်း။

ရန်ကုန်မြစ်ရေလမ်းကြောင်း တိုးတက် ကောင်းမွန်အောင် ဆောင်ရွက် နိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်း၌ ကုန်သေတ္တာ TEU ၂၆၀၀ အထိ သယ်ဆောင်နိုင်ပြီး ရေစူး ၁၀ ဒသမ ၅ မီတာအထိရှိသည့် တန်ချိန် ၅၀၀၀၀ သင်္ဘောကြီးများ ဝင်/ထွက် လက်ခံဝန်ဆောင်မှုပေးလာနိုင်ပြီဖြစ်ကြောင်း၊ ရေယာဉ်လွှဲပြောင်း တင်ဆောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဆိုပါက နိုင်ငံ၏ အဓိက ပို့ကုန်များဖြစ်သော ပဲနှင့် ပြောင်းဈေးကွက်ဝေစု ပိုမိုရရှိပြီး ပိုမိုတင်ပို့နိုင်လာမည်ဖြစ်ကြောင်း။

ရန်ကုန်ဆိပ်ကမ်းအနေဖြင့် လက်ရှိ ကုန်သေတ္တာကိုင်တွယ်ရရှိမှုပမာဏ တစ်နှစ် TEU ရှစ်သိန်း ပမာဏထက် ပိုမိုတိုးတက်ကိုင်တွယ်လာနိုင်မည်ဖြစ်၍ နိုင်ငံအတွက် ဆိပ်ကမ်းဝင်ငွေ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ မကြာသေးမီက နိုင်ငံတော်အကြီးအကဲ ရန်ကုန်ဆိပ်ကမ်းသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း မြစ်တွင်းမှ Barge ရေယာဉ်များဖြင့် ချိတ်ဆက်သယ်ပို့ခြင်းအပြင် ကုန်းလမ်းမှ ကား၊ ရထားတို့ဖြင့် သယ်ပို့ခြင်းစသည့် သယ်ယူပို့ဆောင်ရေး နည်းလမ်းများ ပေါင်းစပ်ပြီး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Stakeholder များအားလုံးက ပူးပေါင်းပါဝင်ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ဇေယျာသီရိနှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရှားစေးဖိုကျေးရွာ၊ မွန်းတည့်ခွင်ကျေးရွာအပါအဝင် ကျေးရွာလေးရွာမှ သမဝါယမအသင်းသားတောင်သူ ၅၆ ဦးတို့က ဆည်ရေသောက်နွေစပါး ဧက ၂၁၀ လျာထားစိုက်ပျိုးလျက်ရှိရာ ၁၄၄ ဒသမ ၇၉၅ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ကျန် ၆၅ ဒသမ ၂၀၅ ဧကကို စိုက်ပျိုးရာသီအမီ အပြီးစိုက်ပျိုးနိုင်ရေးအတွက် ထယ်ရေးပြင်ဆင်နေမှုများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများသည် မတ် ၂၃ ရက်က ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကြို့ပင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ နွေစပါးစိုက်ပျိုးရန် ထယ်ရေးပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပျဉ်းမနားမြို့နယ် သူငွေးကုန်းစံပြကျေးရွာရှိ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ဘက်စုံခြံသို့ရောက်ရှိပြီး အိန္ဒိယနေကြာမျိုး Suryakiran ရှစ်ဧက စိုက်ပျိုးရိတ်သိမ်းပြီးစီးမှု၊ အခြောက်ခံထားရှိမှု၊ Top Partner Co.Ltd., နှင့် သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးမည့် အစေ့ထုတ်ပြောင်း သုံးဧကစိုက်ပျိုးရန် မြေပြင်ထားရှိမှု၊ နွေနှမ်း ကိုးဧက စိုက်ပျိုးရန်မြေပြင်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဘက်စုံခြံရှိ ဆန်းဂျင်းအမျိုးအစား အသားစားကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးကာ ဈေးကွက်ဝယ်လိုအားမြင့်တက်ပြီး ဈေးကောင်းရရှိချိန်တွင် အချိန်ကိုက်ထုတ်လုပ်ရောင်းချနိုင်ခြင်းဖြင့် အသင်းသားဝင်ငွေ ပိုမိုတိုးတက်ရရှိရေး အလေးထားဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**မောင်မွေး**

# နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်း - ရွှေးစုကျေးရွာချင်းဆက်လမ်းနှင့် ရွှေဥဒေါင်းကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်များဖွင့်လှစ်

**နေပြည်တော် မတ် ၂၅**

နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်း-ရွှေးစုကျေးရွာချင်းဆက်လမ်းနှင့် ရွှေဥဒေါင်းကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းဖွင့်ပွဲနေရာများ၌ ကျင်းပသည်။



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်အတွင်းရှိ တပ်ကုန်းမြို့နှင့် ပုဗ္ဗသီရိမြို့ ဆက်သွယ်သောလမ်းမှ ရွှေဥဒေါင်း-ရွှေးစု ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိပြီး ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိပြီး ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျေးရွာတွင်းလမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ဖွင့်လှစ်ပေးခဲ့သည့် ရွှေဥဒေါင်း - ရွှေးစုကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသည် မူလအမျိုးအစား အမာခံကျောက်လမ်း လမ်းအရှည်ပေ ၅၈၀၀ ကျော်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ သန်းဖြင့် အရှည်ပေ ၂၇၀၀ ကျော်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အဆိုပါလမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးရွာနှစ်ရွာ၊ အိမ်ခြေ ၉၁၂ အိမ်၊ လူဦးရေ ၄၀၅၄ ဦး၊ လယ်ဧက ၁၂၀၀ ကျော်တို့ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း။

ထို့အတူ ယနေ့ဖွင့်လှစ်သည့် ရှားတောကျေးရွာအုပ်စု ရွှေဥဒေါင်းကျေးရွာ ကွန်ကရစ်လမ်းသစ်အရှည် ၁၂၇၁ ပေကို ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျေးရွာများ၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ ဒေသခံပြည်သူများအနေဖြင့်လည်း ပျက်စီးမှုမရှိစေရေး၊ ရေရှည်အကျိုးခံစားခွင့်ရရှိစေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့ မဟာဇနက္ကစာသင်တိုက်ဓမ္မာရုံ၌ ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနား တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်၍ လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်ကုန်းမြို့ မဟာဇနက္ကစာသင်တိုက် ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်

ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်ကုန်းမြို့ "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်နှင့် ဝါသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကား ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ ကုမ္ပဏီအလိုက်တင်သွင်းမည့် မြေဩဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ၊ နိုင်ငံတကာဈေးနှုန်းအခြေအနေများ၊ မြေဩဇာဈေးနှုန်းများနှင့် ဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး တင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စက်မှုနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်လာ

**နေပြည်တော် မတ် ၂၅**

MSME ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအသိပညာပေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တာဝန်ရှိသူများနှင့် MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်တွင် စက်မှုနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် အရေးကြီးသည့် မရှိမဖြစ် ကဏ္ဍတစ်ရပ်ဖြစ်လာကြောင်း၊ မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေဟူ၍ မူပိုင်ခွင့်ဥပဒေ(၄)ရပ် အောင်မြင်စွာ ပေါ်ထွက်လာခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မူပိုင်ခွင့်ဥပဒေများနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်သည့်အတွက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သိရှိလိုသည်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးပြီး မိမိတို့၏ ကုန်ထုတ်လုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီရရှိအောင် လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက MSME များအတွက် မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ၊ MSME ထုတ်ကုန်များနှင့် စပ်လျဉ်းသောစံချိန်စံညွှန်းဆိုင်ရာ သိကောင်းစရာများ၊ MSME များအတွက် FDA လက်မှတ်လျှောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့်လုပ်ငန်းစဉ်များ၊ Digital အသုံးပြုမှုဆိုင်ရာ သိကောင်းစရာများကို ခေါင်းစဉ်အလိုက် ဆွေးနွေးကြသည်။



ဆွေးနွေးမှုများ အပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

လာမည့်ပွဲများတွင် ဆက်လက်ကြိုးပမ်းရမည်ဖြစ်သည်။

ငွေခေတ်မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများ ဖြစ်သည့် ဦးမျိုးလှိုင်ဝင်းက နည်းပြချုပ်၊ ဦးကြည်လွင်က နည်းစနစ်အကြံပေးနှင့် ဦးတင်မြင့်အောင်က အုပ်ချုပ်သူအဖြစ် ကိုင်တွယ်လာသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းပွဲထွက်လူစာရင်းတွင် ဇင်ညီညီအောင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ သီဟထက်အောင်၊ နန္ဒကျော်၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ သီဟဇော်၊ သန်းပိုင်တို့ ပါဝင်ခဲ့သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အာဖဂန်နစ္စတန်အသင်းမှာမူ ခံစစ်ဦးစားပေးကာ တန်ပြန်တိုက်စစ်ဖြင့် ဦးစားပေးကစားခဲ့သည်။ ၁၄ မိနစ်တွင် အာဖဂန်နစ္စတန်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး အိုမစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ဆက်တိုက်ကြိုးပမ်းလာရာ ၂၈ မိနစ်တွင် သန်းပိုင်က ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်လာပြီး ၇၅ မိနစ်တွင် မောင်မောင်လွင်က အဝေးကန်ချက်ဖြင့် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် အာဖဂန်နစ္စတန်အသင်း ချေပဂိုးရရန် ပြန်ကြိုးပမ်းသော်လည်း မြန်မာအသင်းခံစစ် အမှားမရှိသဖြင့် အနိုင်ရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဇွန် ၁၀ ရက်တွင် ပါကစ္စတန်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - သော်လေး**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ပါရာဇိကဏ် (ပထမနေ့) စတင်ဖြေဆို

**နေပြည်တော် မတ် ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်၌ အစိုးရ ဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားစာဖြေဌာနရှိ ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ပရိယတ္တိစာမေးပွဲများတွင် ဓမ္မာစရိယ၊ ပထမပြန်စာမေးပွဲဖြေဆို သံဃာ၊ သီလရှင်များမှာ အများဆုံးဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများအနေဖြင့် ပင်ပန်းမှုကို ဂရုမပြုဘဲ စာမေးပွဲကြီးကြပ်မှုများကို ဆောင်ရွက်နေကြသည့်အတွက် ဝမ်းမြောက်ရပါကြောင်း လျှောက်ထားသည်။

ထို့နောက် အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ **(ယာပုံ)** ယနေ့ ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ပျဉ်းမနားစာဖြေဌာန၌ သံဃာ ၂၁၁ ပါးနှင့် သီလရှင် တစ်ပါး စုစုပေါင်း ၂၁၂ ပါး စာရင်းသွင်း၍ စာဖြေ သံဃာ ၁၈၆ ပါးနှင့် သီလရှင် တစ်ပါး စုစုပေါင်း ၁၈၇ ပါး ဝင်ရောက်ဖြေဆိုကြသည်။

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဓမ္မာစရိယစာဖြေဌာန ၇၁ ဌာနတို့တွင် ယနေ့မှ စတင်ကာ ဧပြီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ယနေ့ ဓမ္မာစရိယစာမေးပွဲ ပါရာဇိကဏ် (ပထမနေ့) စတင်ဖြေဆိုခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲများကိုလည်း မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်



အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပါဠိပထမပြန် စာဖြေဌာန ၂၃၉ ဌာန တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပညာတန်ဆောင်နှင့် မြတ်စေတနာစာကြည့်တိုက်များဖွင့်လှစ်



**ရန်ကုန် မတ် ၂၅**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒလမြို့နယ် ခနုတ်ကျေးရွာ ပညာတန်ဆောင် စာကြည့်တိုက်နှင့် ရွှေပြည်သာမြို့နယ် အမှတ်(၁၅) ရပ်ကွက် မြတ်စေတနာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်များ၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များအတွင်း သုတ၊ ရသ စာအုပ်များ ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ကျောင်းသားကျောင်းသူများ၏ စာပေဖတ်ရှုလေ့လာနေမှုကို အားပေးကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြား၍ စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များနှင့် အလှူငွေများကို အလှူရှင်များက အသီးသီး လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်များသည် 4 Angle သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး ၂၄ ပေ x ပေ ၂၀ အကျယ် စာကြည့်တိုက်များဖြစ်ကာ နိုင်ငံတော်အစိုးရ၏ မတည်ငွေများ၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လှူဒါန်းငွေများဖြင့် သံစာအုပ်စင်များ၊ စားပွဲများ၊ ထိုင်ခုံများနှင့် သုတ၊ ရသစာအုပ်များ ထားရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဆရာ ဆရာမများ မွမ်းမံသင်တန်းများ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် မတ် ၂၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများ၌ ဖွင့်လှစ်လျက်ရှိသော ဆရာ ဆရာမများ မွမ်းမံသင်တန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုအစီအစဉ်များကို ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မော်လမြိုင်မြို့နှင့် တောင်ကြီးမြို့တို့မှ အခြေခံပညာကျောင်းများရှိ ဆရာ ဆရာမများကို **"ပညာရေးမှ တစ်ဆင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်း"** ခေါင်းစဉ်ဖြင့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးအစီအစဉ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ့ဝန်ထမ်းများ ပူးပေါင်းပါဝင်လာစေရန်၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်ရာတွင် အဓိကကျသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၅**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် အရာထမ်းများ၊ တည်ဆောက်ရေးစီမံကိန်းနှင့် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့သည့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများအား Third Party ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ တောင်းခံသုံးစွဲခဲ့သည့် လုပ်ငန်းများအား အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း အချိန်မီ ပြီးစီးရေးစီမံချက်များရေးဆွဲရန်နှင့် လုပ်ငန်းခွင်



ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်၍ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

လေသန့်စင်အလုပ်ရုံ (Air Separation Unit) စမ်းသပ်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအချိန်ဇယားများရေးဆွဲ၍ လုပ်ငန်းစဉ်အသေးစိတ်ကို စနစ်တကျရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းနယ်ပယ်၊ စီမံကိန်းအရည်အသွေး၊ ခန့်မှန်းခြေအသုံးစရိတ်တို့ကို ကြိုတင်ပြုစု ရေးဆွဲထားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို စနစ်တကျဖြင့် မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရှုထောင့်ပေါင်းစုံမှ ဆင်ခြင်သုံးသပ်ပြီး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံမှူးက နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ ခရီးစဉ်လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တည်ဆောက်ရေးစီမံကိန်းအင်ဂျင်နီယာက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်းရှိ လေသန့်စင်အလုပ်ရုံ (Air Separation Unit) နှင့် Romelt Shop တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း လှိုင်ကော်၌ ဖွင့်လှစ်



**လှိုင်ကော် မတ် ၂၅**
၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုသင်တန်းသည် ပြည်နယ်အတွင်း ပညာရေးဒီပလိုမာ မရရှိသေးသည့် ဆရာ ဆရာမများ သင်ကြားရေးစွမ်းရည် မြင့်မားလာစေရန်နှင့် ဆရာအတတ်သင်အရည်အချင်း ပိုမိုပြည့်စုံစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် ကွာဟမှုမရှိစေရေး ဆရာ ဆရာမများ၏ ကျွမ်းကျင်မှုအရည်အချင်း ပြည့်ဝစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ယခုသင်တန်းတွင် ပို့ချသည့်ဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူကာ နိုင်ငံတော်နှင့် ပြည်နယ်အတွက် အားကိုးအားထားပြုရသည့် ဆရာကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်ကော်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ချယ်ရီထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း (Dip.EP) တက်ရောက်မည့် နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူခဲ့ပြီး(ဓာတ်ပုံ) ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။ လှိုင်ကော်ပညာရေးဒီဂရီကောလိပ်၌ ဖွင့်လှစ်သည့် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) သင်တန်းကာလကို မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိနှင့် တန်းပြကာလကို ဇွန် ၂ ရက်မှ ဇူလိုင် ၃၁ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၃၂ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မတ် ၂၅**
ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၇၆ ဦး၊ မလေးရှားနိုင်ငံသား ၂၄ ဦး၊ နီပေါနိုင်ငံသား လေးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံးမှ Counsellor Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Charge’ d’ Affaires a.i Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Jeffery Salik နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ Third Secretary Mr. Aakash Adhikari နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



အလားတူ ယနေ့တွင် မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၈ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၄၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဓနုဒေသအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်မှုပြီးစီး

**နေပြည်တော် မတ် ၂၅**
နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တပ်ကြီး-ကံလုကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်း သုံးမိုင်ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံ ကျေးရွာ ရှစ်ရွာမှ လူဦးရေ ၅၉၇၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်သဖြင့် ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၄၉ မိုင် ၃ ဖာလုံ၊ အမာခံလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း မိုင် ၂၀ ၃ ဖာလုံ၊ ကျောက်လမ်းပြင်၊ ထိန်း လေးမိုင်၊ ကတ္တရာလမ်း လေးမိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၁၁ မိုင် ၃ ဖာလုံ၊ ကွန်ရစ်လမ်း ၃ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်တံတား ရှစ်စင်း၊ Box Culvert ၁၂၄ စင်း၊ ကျောက်တောင် မိုင်းခွဲခြင်းလုပ်ငန်း နှစ်ခု၊ ကျောက်စီရေမြောင်း ပေ ၁၅၀၊ မြေပြိုဖယ်ရှားခြင်း ငါးမိုင် ခြောက်ဖာလုံ၊ လမ်းတာချဲ့ခြင်း နှစ်မိုင် နှစ်ဖာလုံ၊ ပညာရေးလုပ်ငန်း နှစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်း လုပ်ငန်း တစ်တွင်း၊ သာသနာရေး လုပ်ငန်း ရှစ်ခု၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်း ခြောက်ခု၊ ဆိုလာ ၉၄ စုံနှင့် ဦးစီးဌာနလုပ်ငန်း ခြောက်ခုကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ၁၂၈၆၂ ဒသမ ၂၁၅ ကျပ်သန်းဖြင့် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၂၅**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ကုန်သွယ်ရေးထိုးစစ်ကို အရှိန်မြှင့်တင်သွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြော

**ဝါရှင်တန် မတ် ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သူ၏ ကုန်သွယ်ရေးထိုးစစ်ကို အရှိန်မြှင့်တင်သွားမည်ဟု ခြိမ်းခြောက်လျက်ရှိသည်။

လာမည့်ရက်အနည်းငယ်အတွင်း မော်တော်ကားများအပေါ် ထပ်ဆောင်းအခွန်စည်းကြပ်မှုတွေ သတ်မှတ်သွားမည်ဟု မစ္စတာထရမ့်က မတ် ၂၃ ရက်တွင် ပြောကြားလိုက်ပြီးနောက် ဗင်နီဇွဲလားနိုင်ငံအပေါ်တွင်လည်း ဖိအားများတိုးမြှင့်လိုက်သည်။

လာမည့်ရက်အနည်းငယ်အတွင်း အော်တိုကားများ၊ ကားများနှင့်ဆိုင်သည့် ထပ်ဆောင်းအခွန်စည်းကြပ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ အမေရိကန်နိုင်ငံကို တင်သွင်းသည့် သစ်သားများနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပေါ်တွင်လည်း အလားတူ အခွန်စည်းကြပ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားလိုက်သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းကုမ္ပဏီများ အားလုံး ပြန်လည်ရောက်ရှိလာအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ထရမ့်၏ပြောစကားများသည် မတ် ၂၃ ရက်က ဖော်ပြခဲ့သည့် အမေရိကန်မီဒီယာများ၏ ဖော်ပြချက်နှင့် ကွဲလွဲနေသည်။ အဆိုပါဖော်ပြချက်၌ ဧပြီ ၂ ရက်တွင် ထုတ်ပြန်မည့် သမ္မတထရမ့်၏ တရားဝင်အခွန်စည်းကြပ်မှုတွင် မော်တော်ကား၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ ဆေးဝါးနှင့် တခြားပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုများ ပါဝင်ဖွယ်မရှိဟု ဖော်ပြပါရှိသည်။

သို့သော်လည်း အမေရိကန်သမ္မတ ထရမ့်သည် လာမည့်သီတင်းပတ်တွင် စီစဉ်ထားသည့်အတိုင်း အပြန်အလှန်အခွန်စည်းကြပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်သည် ယခုထက် ပိုမိုကျယ်ပြန့်သည့် လုပ်ဆောင်ချက်များ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လူမှုမီဒီယာတစ်ခုက မတ် ၂၃ ရက်တွင် ဖော်ပြခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံမှ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ဝယ်ယူသည့် မည်သည့်နိုင်ငံမဆို တင်သွင်းသည့်ပစ္စည်းများအပေါ် အမေရိကန်က အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်သွားမည်ဖြစ်ကြောင်း သမ္မတထရမ့်က ရေးသားဖော်ပြခဲ့သည်။




**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံအနောက်ပိုင်းတွင် တောမီးလောင်မှုများ ဆက်လက်ဖြစ်ပွား

**တိုကျို မတ် ၂၅**

ဂျပန်နိုင်ငံအနောက်ပိုင်း ခရိုင်နှစ်ခု၌ တောမီးလောင်မှု ဆက်လက်ဖြစ်ပွားခဲ့သည့်အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ခရိုင်နှစ်ခုအနက် တစ်ခုဖြစ်သည့် အဲဟိမဲ့ခရိုင် အီမာဘာရီမြို့တွင် မတ် ၂၃ ရက်က တောမီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ တောမီးလောင်မှုကြောင့် မတ် ၂၅ ရက် နံနက်ပိုင်းအထိ အနည်းဆုံး ၂၁၄ ဟက်တာ လောင်ခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုသည် ၁၉၈၉ ခုနှစ်နောက်ပိုင်း ယင်းခရိုင်အတွင်း၌ ဖြစ်ပွားခဲ့သော အကြီးဆုံး တောမီးလောင်မှုဖြစ်သည်။ မီးသတ်သမားများသည် မြေပြင်အခြေစိုက် လှုပ်ရှားဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပြီး ယင်းခရိုင်ရှိ ရဟတ်ယာဉ်များနှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များကို ဝေဟင်မှ မီးငြိမ်းသတ်ရန် တာဝန်ချထားကြောင်း သိရသည်။

အိမ်ထောင်စု ၅၅၃ စုမှ လူ ၁၀၇၉ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် မြို့နယ်အုပ်ချုပ်ရေးရုံးက အမိန့်ထုတ်ပြန်ထားသည်။ အိမ်နီးချင်း ဆာအိဂျိဒေသတွင်လည်း အလားတူ အမိန့်ထုတ်ပြန်ထားသည်။

နောက်ထပ် လောင်ခဲ့သော တောမီးတစ်ခုမှာ အိုကားယာမာ့ခရိုင် အိုကားယာမာ့မြို့တွင် မတ် ၂၃ ရက်က စတင်ခဲ့သည့် တောမီးဖြစ်သည်။ မတ် ၂၄ ရက် မီးလောင်မှု မရပ်တန့်ခင် အိုကားယာမာ့မြို့နှင့် ကပ်လျက်ရှိသော တာမာမိုမြို့တွင် မြေ ၃၀၀ ဟက်တာ မီးလောင်ခဲ့ပြီး အဆောက်အအုံခြောက်လုံး ပျက်စီးခဲ့သည်။

ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရေးအမိန့်များကို ရုပ်သိမ်းလိုက်သော်လည်း အဆိုပါ တောမီးလောင်မှုကို မည်သည့်အချိန်တွင် အတိအကျ ထိန်းချုပ်သွားနိုင်မည်ဆိုသည်ကို မသိရသေးချေ။

**အင်န်အိတ်ချ်ကေ**



# အီသီယိုးပီးယားနိုင်ငံတွင် ပဋိပက္ခများကြောင့် ကလေးငယ် ၇ ဒသမ ၂ သန်း ကျောင်းတက်ရောက်နိုင်ခြင်းမရှိ

**အဒစ်အဘာဘာ မတ် ၂၅**

အီသီယိုးပီးယားနိုင်ငံတွင် ပဋိပက္ခများနှင့် မလုံခြုံမှုတို့ကြောင့် ကလေးငယ် ၇ ဒသမ ၂ သန်း ကျောင်းတက်ရောက်နိုင်ခြင်း မရှိကြောင်းနှင့် ယင်းက ပညာရေးကဏ္ဍတွင် ဆိုးရွားသည့် အကျပ်အတည်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီး ဘာဟာနူနီဂါက ပြောကြားလိုက်သည်။

မတ် ၂၄ ရက်က ပြုလုပ်သော ပညာရေးဆွေးနွေးပွဲတစ်ခုတွင် ဝန်ကြီးက ထိုသို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ခြိမ်းခြောက်မှုကို ချက်ချင်းအဖြေရှာရန်လည်း တိုက်တွန်းပြောကြားလိုက်သည်။

ပဋိပက္ခနှင့် အခြေအနေတည်ငြိမ်မှုမရှိခြင်းသည် ကလေးများနှင့် လူငယ်များ၏စိတ်ကို အဆိပ်သင့်စေကြောင်း၊ လူငယ်များ၏ တိုးတက်မှုကို နှောင့်ယှက်ဟန့်တားမှုများဖြစ်စေကြောင်း ပညာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အီသီယိုးပီးယားနိုင်ငံ အမ်ဟာရာဒေသမြောက်ပိုင်းအကြီးအကဲ အာရီဂါကီဘီဒီက မိမိတို့ဒေသတွင် အဆိုပါကိစ္စသည် အဆိုးရွားဆုံးကိစ္စဖြစ်ကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ထိုင်းဆွန်ခရမ်ပွဲတော် ခရီးသွားကဏ္ဍမှ ဒေါ်လာ သန်း ၇၈၀ ရရှိရန် မျှော်မှန်းထား

**ဗန်ကောက် မတ် ၂၅**

ထိုင်းပြည်သူများသည် ဧပြီလတွင် ကျရောက်မည့် ရိုးရာနှစ်သစ်ကူးပွဲဖြစ်သည့် ဆွန်ခရမ်ပွဲတော်ကိုကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

တစ်ဦးနှင့်တစ်ဦး ရေများဖြင့် ရွှဲရွှဲစိုအောင် သွန်းလောင်းသည့် ရိုးရာပွဲတော်သည် နိုင်ငံ၏ ခရီးသွားကဏ္ဍကို မြှင့်တင်နိုင်မည်ဟု မျှော်လင့်ထားသည်။ ဆွန်ခရမ်ပွဲတော်ကို နှစ်စဉ် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပလေ့ရှိသည်။ အဆိုပါပွဲတော်ကို ယူနက်စကိုက ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ၂၀၂၃ ခုနှစ်က ဖော်ပြခဲ့သည်။

ယခုနှစ် ရိုးရာပွဲတော်သည် လွန်ခဲ့သောနှစ်ထက် ရှစ်ရာခိုင်နှုန်းတိုးပြီး အမေရိကန်ဒေါ်လာ သန်း ၇၈၀ ရရှိရန် မျှော်မှန်းထားကြောင်း ထိုင်းခရီးသွားအာဏာပိုင်များက ပြောသည်။



နိုင်ငံတကာခရီးသွား ၄၇၀၀၀၀ ခန့်လာရောက်ရန် ခန့်မှန်းထားပြီး ပြည်တွင်းခရီးစဉ် ၄ ဒသမ ၄ သန်းခန့် ရှိနိုင်သည်ဟု ထိုင်းခရီးသွားအာဏာပိုင်များက ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍသည် ကိုဗစ်ကာလမှစတင်ပြီး တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယလွှတ်တော်အမတ်များ၏ လစာ ၂၄ ရာခိုင်နှုန်းတိုး

**နယူးဒေလီ မတ် ၂၅**

အိန္ဒိယလွှတ်တော်အမတ်များ၏ လစဉ်လစာကို အိန္ဒိယရူပီး ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၆၈ ဒသမ ၅၀) နီးပါးမှ ၂၄ ရာခိုင်နှုန်း အိန္ဒိယရူပီး ၁၂၄၀၀၀ (အမေရိကန်ဒေါ်လာ ၁၄၄၉) နီးပါးသို့ တိုးမြှင့်ပေးလိုက်ကြောင်း အစိုးရက မတ် ၂၄ ရက်က ကြေညာလိုက်သည်။

လစာသစ်ကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစပြီး နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုဖြင့် ပေးချေသွားမည်ဖြစ်သည်။ ထို့အပြင် လွှတ်တော်အမတ်များ၏ နေ့စဉ် အသုံးစရိတ်ကိုလည်း အိန္ဒိယရူပီး ၂၀၀၀ (အမေရိကန်ဒေါ်လာ ၂၃) နီးပါးမှ အိန္ဒိယရူပီး ၂၅၀၀ (အမေရိကန်ဒေါ်လာ ၂၉)နီးပါးသို့ တိုးမြှင့်ပေးလိုက်ပြီဖြစ်သည်။

လွှတ်တော်အမတ်များ၏ ပင်စင်များကိုလည်း တစ်လလျှင် အိန္ဒိယရူပီး ၂၅၀၀၀ (အမေရိကန်ဒေါ်လာ ၂၉၂) မှ အိန္ဒိယရူပီး ၃၁၀၀၀ (အမေရိကန်ဒေါ်လာ ၃၆၂) နီးပါးသို့ တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မြေအောက်ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးထပ်စိုက်စွမ်းအား တိုးမြှင့်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျောင်းဆောင်ကျေးရွာအနီး စလေးချောင်း မြေအောက်တမံ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာအနီး ပေါင်းကူး ချောင်း မြေအောက်တမံနှင့် နတ်ရွာကျေးရွာအနီး ဆည်ရိုးချောင်း မြေအောက်တမံ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျွန်းခင်း ကြီးရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ကြက်မောက်တောင်ရေသောက်စနစ်ရှိ လက်ဝဲ မြောင်း မြောင်းပေါင်ကြွခိုင်လုံခြုံမှုရှိစေရေး အဆင့် မြှင့်တင်ခြင်းလုပ်ငန်း၊ လက်ဝဲမြောင်း ရေသောက် စနစ်တွင် ကုန်းမြင့်လယ်ယာမြေကို ဆိုလာရေတင်



စနစ်ဖြင့် ရေပေးဝေခြင်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဆိုလာစနစ်ဖြင့် ရေတင်ပြီး စိုက်ပျိုးခြင်းဖြင့် ကုန်ကျ စရိတ် သက်သာစေသောကြောင့် သီးနှံများ ယခင် ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးကြရန်နှင့် ပန်းတိုင်အထွက် နှုန်းပြည့်မီအောင် စိုက်ပျိုးကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်ဦးစီးမှူးများနှင့် တွေ့ဆုံ ပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ သီးနှံပုံစံ အလိုက် စိုက်ပျိုးရေလိုအပ်ချက်အတိုင်း အပြည့်အဝ ပေးဝေနိုင်ရေး၊ သီးထပ်စွမ်းအားတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် တောမအုပ်စု ဥယျာဉ်ကျေးရွာရှိ မိတ္ထီလာတောင်ကန် ဥယျာဉ်မြောင်း ရေသောက်စနစ် အတွင်း နှံ့နှမ်း (ဆင်းရတနာ-၃)မျိုးကို ပေါင်ကြီး တင်စနစ်ဖြင့် တောင်သူများ စံပြစိုက်ခင်း စိုက်ပျိုး ထားရှိမှု၊ မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာတွင် နွေစပါး (ဆင်းသုခ) မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုး ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပိုးမွှားရောဂါ ကျရောက်မှုကာကွယ်နိုင်ရေး အလေးထားဆောင်ရွက် ကြရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# မန်းရွှေစက်တော်ဘုရားပွဲတွင် တေးဂီတဖျော်ဖြေပွဲများအပြင် ကရင်ရိုးရာဒုံးယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်

မင်းဘူး မတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတွင် ဘုရားဖူးလာပြည်သူ များအား တေးဂီတဖျော်ဖြေပွဲများ ဖြင့် မတ် ၂၄ ရက်က ဒုတိယနေ့ အဖြစ် ဆက်လက်ဖျော်ဖြေ တင်ဆက်ခဲ့ပြီး ကရင်ရိုးရာဒုံးယိမ်း အကများဖြင့်လည်း ဖျော်ဖြေ တင်ဆက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဖျော်ဖြေရာတွင် မတ် ၂၄ ရက်က မန်းရွှေစက်တော် ဘုရားကြီးအား ညအိပ်ဘုရားဖူး လာရောက်ကြသည့် ကရင် ပြည်နယ် ဘားအံမြို့ရှိ တောင်ကလေး ဆယ့်နှစ်လရာသီ ဒုံးယိမ်းအဖွဲ့က ကရင်ရိုးရာ ဒုံးယိမ်းအကများဖြင့် မြတ်ဗုဒ္ဓ၏ ခြေတော်ရာနှစ်ဆူအား ပူဇော် ကန်တော့၍ အောက်စက်တော်ရာ ရင်ပြင်နှင့် အထက်စက်တော်ရာ အတက်လမ်း မုခ်ဦးရှေ့၌ ဘုရားဖူး လာပြည်သူများအား ကရင်ရိုးရာ ဒုံးယိမ်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဆက်လက်ပြီး တေးဂီတ ဖျော်ဖြေပွဲ ဒုတိယနေ့အဖြစ် မန်းရွှေစက်တော် ဘုရားသောင် ပြင် အထူးတံတား မုခ်ဦးအနီးရှိ စတိတ်စင်မြင့်၌ ည ၇ နာရီမှ စတင်ပြီး အနုပညာရှင်များက မြန်မာသံစဉ်နှင့် ခေတ်ပေါ် တေးဂီတများဖြင့် မန်းရွှေစက် တော်ဘုရားပွဲ ကာလအတွင်း တပေါင်းပွဲတော်ညအဖြစ် အခမဲ့ ဖျော်ဖြေတင်ဆက်ရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူ များနှင့် ဒေသခံများက အေးချမ်း ပျော်ရွှင်စွာ လာရောက်ကြည့်ရှု အားပေးပြီး အထူးစည်ကား ခဲ့သည်။



ယခုနှစ် မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာ သင်္ကြန် ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီး ချိန်ဖြစ်သည့်အတွက် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးခရီးသွား လာရောက် အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ပေါင်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများက နွေစပါးစိုက်ပျိုးထားရှိ

ပေါင် မတ် ၂၅

မွန်ပြည်နယ် သမဝါယမဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါး စိုက်ပျိုးထုတ်လုပ်ရေး ကဏ္ဍအတွင်း နွေစပါးများကို စိုက်ပျိုးထုတ်လုပ် လျက်ရှိရာ ပေါင်မြို့နယ်အတွင်း သမဝါယမအသင်းများရှိ အသင်းသား တောင်သူများ၏ လယ်ယာမြေစိုက်ပျိုးဧက ၆၇၅ ဧကပေါ်တွင် ရတနာ တိုး၊ ECO၊ ဟော်တယ်၊ တောင်ပျံစသည့် စပါးများစိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစုများကို လည်း ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

## ပူတာအိုခရိုင်၌ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်းဖွင့်

ပူတာအို မတ် ၂၅

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနကကြီးမှူး၍ ပညာရေး နှင့်သင်ပြနည်းပညာ ဒီပလိုမာ Dip.EP(၁/၂၀၂၅)သင်တန်းဖွင့်ပွဲ အခမ်း အနားကို မတ် ၂၄ ရက်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းညွန့်က သင်တန်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြကာ သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်း များမှ လက်ထောက်မူပြနှင့် ဒုတိယမူပြများမှ ဒီပလိုမာမရသေးသော ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂၀ တို့ကို သင်တန်းနည်းပြများက မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိ သင်တန်း ကာလနှစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)



# တောင်ကြီးဆေးတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

တောင်ကြီး မတ် ၂၅

တောင်ကြီး ဆေးတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်း အနားကို မတ် ၂၂ ရက်က ကွန်ပျူတာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားကို နိုင်ငံတော်သီချင်း တီးမှုတ်သီဆို အလေးပြု၍ ဖွင့်လှစ်ပြီး ဘွဲ့ရမောင်မယ်များက အဓိဋ္ဌာန်ပြု ကတိသစ္စာရွတ်ဆိုသည်။

ထို့နောက် တောင်ကြီးဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ လှဝင်းမြင့်က ဘွဲ့နှင်းသဘင်အခမ်းအနားမိန့်ခွန်း ပြောကြား ပြီး ဆေးပညာဘွဲ့ရရှိသည့် ဆရာဝန် ၂၁ ဦးတို့အား ဘွဲ့များအပ်နှင်းခဲ့ သည်။ အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါက်တာကျော်ခိုင်ဦးနှင့် တာဝန်ရှိသူများ၊ တောင်ကြီး



ဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ လှဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုး များ တက်ရောက်ကြသည်။

ကျော်ဇင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြသခြင်းများကို မတ် ၂၅ ရက်တွင် ရေတွင်းကုန်းကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာ ဓနုဖြူ-သောင်ကြီး ကားလမ်းဘေးရှိ Five Star စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်နှင့် တပ်ဖွဲ့ဝင်များက ပူးပေါင်း ဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Sainna Wkhan 7" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ဇေယျာထွန်းအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မအူပင်မြို့နယ်၌ လူငယ်များကို စစ်မှုထမ်းဆောင်ရန် အဓမ္မဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များကို အဓမ္မဖမ်းဆီးနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မအူပင်မြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူ တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးအရ စစ်ဆေးခြင်းများ အပါအဝင် အကြမ်းဖက်လုပ်ငန်းများ မဖြစ်ပွားစေရေး အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်နေမှုများအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ ပန်းကလေးများ"** ခေါင်းစဉ်ဖြင့် မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ရေးနဲ့နိုင်ငံရေးမှာ အခွင့်မသာလို့ ရှက်ရမ်းရမ်းပြီး အကြမ်းဖက်လာတဲ့ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ငဖဲမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း ကျောက်ဆည်မြို့ မြို့အဝင်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းကိုးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၃၀၈၈၆၅၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hion Profia Truck တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ထုံးဘိုလမ်းခွဲအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၄၁၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၀၂၂၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၈၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၂၁၁၀၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် အစီး ၃၀ ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၁ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၆၉၇၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck ၁၀ စီး၊ Nissan Diesel Truck ခြောက်စီး၊ Hino Ranger Truck သုံးစီး၊ Hino Truck နှစ်စီး၊ Dong Feng Truck နှစ်စီး၊Mitsubishi Fuso Truck တစ်စီး၊ Si Thu Truck တစ်စီး၊ Nidi Truck တစ်စီး၊ Golden Truck တစ်စီး၊ Shwe Chan Truck တစ်စီး၊ Win Myanmar Truck တစ်စီးနှင့် Super Mandalar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၉၇၂၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၁၁ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၇၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်အခြားသစ် ၇ ဒသမ ၀၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၁၁၃၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၅၁၁၃၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တွံတေးမြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တို့၌ တရားမဝင် အခြားသစ် ၄၉ ဒသမ ၂၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၃၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအူပင်မြို့ မြို့ရှောင်လမ်းအနီး၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်းတွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၉၁၇၆၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Mon Hla ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၂၇၈၁၄၃) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၃၂၆၉၉၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၀၅၆၇၄၄၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ညောင်တုန်းမြို့၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပရန် စီစဉ်ဆောင်ရွက်

**ညောင်တုန်း မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးဇော်ဝင်းတို့သည် မတ် ၂၄ ရက် နံနက် ၈ နာရီက ညောင်တုန်းမြို့ အမှတ်(၇)ရပ်ကွက်ရှိ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကျင်းပမည့် ရွှေဟင်္သာတောရကျောင်း ရာပြည့်ဗိမာန်၌ မြို့နယ် သံဃနာယကအဖွဲ့ ကြီးကြပ်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး စာမေးပွဲကိစ္စရပ်များနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားကာ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ညောင်တုန်းမြို့နယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများကို အစိုးရဓမ္မာစရိယဖြေဆိုသံဃာ ၃၆ ပါးနှင့် ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်း အပါး ၂၀၊ ပထမလတ်တန်း ၃၁ ပါး၊ ပထမငယ်တန်း ၄၉ ပါး၊ အခြေပြုမူလတန်း ၅၉ ပါး စုစုပေါင်း စာဖြေသံဃာ ၁၉၅ ပါး ဖြေဆိုရန် စာရင်းသွင်းထားကြောင်း မြို့နယ်သာသနာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ အခြေခံအင်္ဂလိပ်စာ Grammar သင်တန်းဆင်း

**ကော့သောင်း မတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီအခြေခံ အင်္ဂလိပ်စာ Grammar သင်တန်းဆင်းပွဲကို မတ် ၂၁ ရက်က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားခဲ့ပြီး Book Club အဖွဲ့ဝင် အင်္ဂလိပ်နည်းပြဆရာ ဦးသန်းဝင်းက သင်ကြားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များ လက်ဆောင်ချီးမြှင့်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အချိုရည်နှင့် မုန့်မျိုးစုံ အာဟာရဒါနလှူဒါန်းသည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းနည်းပြဆရာအား ဂုဏ်ပြုလက်ဆောင်နှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ် ပေးအပ်သည်။

**ခရိုင်(ပြန်/ဆက်)**



## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကြက်ဥများ ပေးအပ်

**ရမည်းသင်း မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြက်ဥများ ပေးအပ်ခြင်းကို မတ် ၂၁ ရက်က ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပြုလုပ်သည်။



ခရိုင်ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်နှင့် အထူးကုဆရာဝန်များက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့် ဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြက်ဥများကို အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပေးအပ်သည်။

**ခရိုင်(ပြန်/ဆက်)**

## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အကွက်(၁၃) မြို့ပတ်လမ်း ၁၀ လမ်းထောင့်ရှိ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) ၌ မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပွဲ ကျင်းပရာ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်လှိုင်သာ ဦးဆောင်ပြီး ဝန်ထမ်း ၅၀ ခန့် တက်ရောက်သည်။ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်က မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး တက်ရောက်လာသော ဝန်ထမ်းများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခြင်းများအား သန္နေတပ်ဖွဲ့ဝင် ငါးဦးဖြင့် ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၂၂၂**



## မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ တောင်သူများနှင့်တွေ့ဆုံ

**မှော်ဘီ မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူတွေ့ဆုံပွဲအခမ်းအနားကို မတ် ၂၃ ရက်က မြန်မာ့ဆန်စပါးသုတေသနဌာနခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးခင်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့ဆန်စပါး သုတေသနဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရီရီချိုက လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးပညာရှင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ ရွှေဇာခြည်ဘိုကလေးကုမ္ပဏီမှ ဦးသောင်းဝင်းက စိုက်ပျိုးထုတ်လုပ်မှုအကြောင်းနှင့် နယူးအေးရှားကုမ္ပဏီလီမိတက်မှ ဦးစိုးလင်းထွန်းက မျိုးစေ့အကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများ၏ အခက်အခဲများကို မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အကြံပေး ဒေါက်တာမင်းအောင်နှင့် ဦးသက်ဇင်မောင်တို့က ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ သုတေသနဆောင်ရွက်ချက်များနှင့် မျိုးစေ့ထုတ်စိုက်ခင်းများကို တာဝန်ရှိသူများနှင့် တောင်သူများ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## ကံမမြို့နယ်၌ အောင်နိုင်တိုး နွေစပါးဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုး

**ကံမ မတ် ၂၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ အောင်နိုင်တိုးနွေစပါး ဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲနှင့် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ မျိုးစေ့ပေးအပ်ပွဲကို မတ် ၂၃ ရက်က စပါယ်ခြံကျေးရွာ ကွင်းအမှတ် ၁၆၆ ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးက စံပြကွက်စိုက်ပျိုးပြသခြင်းနှင့် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာမျိုးစေ့များ ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက မဒေးဆည်ရေသောက် ဧရိယာတွင် သုံးသီးစိုက်ပျိုးမည့်သီးနှံပုံစံကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက အောင်နိုင်တိုး စပါးမျိုး၏ မျိုးအရည်အချင်းလက္ခဏာများကို ရှင်းလင်းပြောကြားပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးဇော်မိုးလွင်က ပိုက်ဆံလျှော်အသုံးပြု၍ သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးသည်။

ဆက်လက်၍ အောင်နိုင်တိုးနွေစပါး ဧက ၁၀၀ စံပြကွက် ကွင်းပိတ် စိုက်ပျိုးနေသော တောင်သူများအား ကြည့်ရှုအားပေးပြီး ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ မျိုးစေ့အိတ်များ ပေးအပ်သည်။ ကံမမြို့နယ်၌ ယခုနှစ် နွေစပါးရာသီတွင် နွေစပါးလျာထား ၁၇၂၇ ဧက အောင်မြင်စွာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးပြီး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြစဉ်။

**မြို့နယ်(ပြန်/ဆက်)**



# မလေးရှားနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မလေးရှား အလုပ်ရှင်၊ သို့မဟုတ် အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက်ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်) ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်းနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့လည်း သတ်မှတ်စာရွက်စာတမ်းအပြည့်အစုံ မိတ္တူတစ်စုံပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီများသည် Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၂၀ ဦး ထက် မပိုစေရန်၊<br>(ခ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>(ဂ) Demand Letter တင်ပြရာတွင် dolmiagrationmalaysia @gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်း မပြုရန်)၊ | မလေးရှားအလုပ်ရှင်<br>မြန်မာအေဂျင်စီ |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ရန် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန |
| ၃။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှုရှိကြောင်း ပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာမြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်းအကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမားစတင်စုဆောင်းခြင်းနှင့် Calling Visa လျှောက်ထားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ<br>မလေးရှားအလုပ်ရှင် |
| ၄။ | မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း | - Calling Visa ရရှိပါက သက်ဆိုင်ရာအေဂျင်စီမှ စာချုပ်ချုပ်လိုသည့်ရက်မတိုင်မီ (၇)ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် Calling Visa မိတ္တူ၊ မလေးရှားအလုပ်ရှင်-အလုပ်သမားစာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft Copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmiagrationmalaysia @gmail.com သို့ တင်ပြရန်၊<br>(ခ) အလုပ်ခေါ်စာတစ်စောင်လျှင် လူဦးရေ ၂၀ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှတင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ စာချုပ်ချုပ်ဆိုခွင့် အား အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့် နေ့ရက်တွင် အမှတ် (၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၇။ | မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသို့ လိပ်မူ၍ တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့် (တစ်ရက်သာ)နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>(ခ) အလုပ်ခေါ်စာမိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ Calling Visa နှင့် ဗီဇာမိတ္တူ၊<br>(ဂ) မလေးရှားအလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီမှုစာချုပ်၊ မြန်မာအေဂျင်စီနှင့် အလုပ်သမားအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်၊ | မြန်မာအေဂျင်စီ |
| ၈။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် အေဂျင်စီများကို ဦးစားပေးအစီအစဉ်အလိုက် သင်တန်းတက်ရမည့်နေ့ရက်သတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းတာဝန်ခံသို့ အကြောင်းကြားခြင်း၊ Safe Migration Telegram Channel တွင် အသိပေးကြေညာခြင်း၊<br>- သင်တန်းတက်ရောက်ပြီးပါက OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်းတာဝန်ခံ၊ သက်ဆိုင်ရာအေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ်ထုတ်ပေးခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၉။ | မြန်မာအေဂျင်စီမှ အလုပ်သမား စေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက်( - -၂၀၂၅) မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း) ဖော်ပြပြီး စေလွှတ်မည့်အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ Excel Soft Copy ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmiagrationmalaysia @gmail.com သို့ တင်ပြရန် | မြန်မာအေဂျင်စီ |
| ၁၀။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက် ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် ဗီဇာလျှောက်ထားခြင်းနှင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်းဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmiagrationmalaysia @gmail.com သို့ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၁။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံသို့ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့် နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၂။ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft Copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၃။ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့်အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmiagrationmalaysia @gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။ | မြန်မာအေဂျင်စီ |

**မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၂၀ ဦးထက်ပိုသော Demand Letter များကို ၂၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။**

**(၂) မလေးရှားနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

### ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃ )

### ရမည်းသင်းခရိုင်တရားရုံးတော်

### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂

**ကွယ်လွန်သူ ဦးဖိုးပိန်၏ ကျန်ရစ်သောပစ္စည်းအကြောင်း**

ဒေါ်အေးအေးခိုင် — လျှောက်ထားသူ

ပျော်ဘွယ်မြို့နယ်၊ တယ်လေးပင်အုပ်စု၊ တယ်လေးပင်ကျေးရွာနေ ဒေါ်အေးအေးခိုင်က ကွယ်လွန်သူ ဦးဖိုးပိန်၏ အမွေဆက်ခံသူဖြစ်သည်ဟူ၍ ပျော်ဘွယ်မြို့နယ်၊ တယ်လေးပင်အုပ်စု၊ တယ်လေးပင်ကျေးရွာနေ ၎င်း ကွယ်လွန်သူ ဦးဖိုးပိန်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဖိုးပိန်မှာ ကျန်ရစ်သောပစ္စည်းများပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်အေးအေးခိုင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံး ဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
ခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်တရားရုံး

## အများသိစေရန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ ကွင်းအမှတ်(၁၉၉၀)(ပြင်) ချောင်းသာ၊ ဦးပိုင် N၉၉ နှင့် ဦးပိုင် ၁၆/၁၊ မြေပြင်ဧရိယာ (၁၀ဒသမ၅)ကေသည် ကျွန်ုပ်၏ အမှုသည် ဦးဝင်းမြင့်(ဘ)ဦးချစ်လှ-ဒေါ်သောင်းတို့၏ အမည်ပေါက်ပိုင်ဆိုင်သော မြေဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်၏ လွှဲအပ်ချက်အရ ဖော်ပြပါမြေနှင့် ၎င်းမြေပေါ်ရှိ သီးပင်စားပင်များအားလုံး ပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**ကျွန်ုပ်အမှုသည် ၏လွှဲအပ်ချက်အရ-**
**ဦးဟန်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၉၄)(၃၀-၅-၉၀)**
**(၇)ရိပ်သာလမ်း၊မြို့သစ်ရပ်ကွက်၊ ငါးသိုင်းချောင်းမြို့**
**ဖုန်း-၀၉-၆၆၀၁၄၂၀၂၅၊ ၀၉-၄၀၁၀၀၂၆၀၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ် ကွက်အမှတ်(၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ်(A-၁၁၃)၊ မြေဧရိယာ (၀ဒသမ ၂၆၄)ကေရှိ ဦးစိန်ဦး(ဘ)ဦးစိုးညွန့် ၁၃/ရစန(နိုင်)၀၀၆၁၁၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးစိန်ဦး မှ ဦးစိုးသက်နောင်(ဘ)ဦးအောင်သန်း ၉/မရမ(နိုင်) ၀၈၈၇၄၅၊ဒေါ်ငြိမ့်ငြိမ့်သဥ္ဇာ(ခ)ငြိမ့်ငြိမ့်သဥ္ဇာမင်းညွန့်(ဘ) ဦးမင်းညွန့် ၁၂/ဒဂန(နိုင်) ၀၂၉၈၇၁တို့နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/8899, Canda x -125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၈/သရန(နိုင်)၀၇၇၀၀၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၅၂၉၅၁, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၉/ပမန(နိုင်) ၁၇၆၅၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၂၄၇၈၀, Honda Alpha -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမာ ၉/ပမန(နိုင်) ၁၇၁၇၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၈၂၃၄၂, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆/ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ် (၁၀၉)၊ မြေဧရိယာ(၀.၀၆၃)ကေရှိမြေအား မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်ဆာရာဘီဘီ (ခ)ဒေါ်မိုးမိုးခိုင် (၉/မမန(ဧည့်)၀၀၀၁၃၈)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၂၅၀-က)၊ မြေဧရိ ယာ(၀.၀၇)ကေရှိမြေအား မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဦးတင်ရွှေ ၉/မနတ(နိုင်)၀၅၆၉၂၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၈၃)၊ မြေဧရိယာ(၀ဒသမ၀၆၃)ကေရှိ မြေအား မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဦးမြင့်အောင် ၉/မမန(နိုင်) ၀၇၄၈၈၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ရက်ပေါင်း ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ် (၈၅)၊ မြေဧရိယာ(၀.၀၇၂)ကေရှိမြေအား မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်ရီရီခင် (၉/မမန(နိုင်) ၀၁၄၇၁၆)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ သမုန်းကုန်းရပ်ရှိ အရှေ့လားသော်-သမုန်းကုန်းအဆင်းလမ်း၊ အနောက်လားသော်-ဦးအောင်ကိုမင်း ဝိုင်းမြေ၊ တောင်လားသော်-ဒေါ်မာဦးနေအိမ်ဝိုင်းမြေ၊ မြောက်လားသော်-ဦးအောင်ကိုမင်း ဝိုင်းမြေ၊ ၎င်းအလား(၄)ရပ်အတွင်းရှိ ဝိုင်းမျက်နှာစာ -၃၉ပေ ၆လက်မ၊ ဝိုင်းကျောဘက်ခြမ်း-၃၅ပေ၊ ဝိုင်းမြောက်ဘက်ခြမ်း-၄၈ပေ၊ ဝိုင်းတောင်ဘက်ခြမ်း-၄၅ပေ ၆ လက်မရှိ ဝိုင်းမြေအတွင်း(၅x၂)ပင် နံကပ်တိုက်အဆောက်အအုံ(၁)လုံးပါရှိသော နေအိမ်ဝိုင်းမြေအား ဦးဝင်းကျော် ၁၁/ကဖန(နိုင်) ၀၆၈၂၂၉ (ဇနီး) ဒေါ်ခင်မြင့်ဝင်း ၁၁/ကဖန(နိုင်) ၀၈၁၅၆၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းလွင်ဦး ၉/ပဘန(နိုင်) ၀၈၆၅၉၈(ဇနီး) ဒေါ်ခင်ချို ၉/ပဘန(နိုင်) ၀၇၉၁၂၄တို့မှ (၂၃-၃-၂၀၂၅)ရက်တွင် ဝိုင်းမြေတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါ နေအိမ်ဝိုင်းမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေး/ဆိုင်ခွင့်၊ ပိုင်ရေး/ပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤနေအိမ်ဝိုင်းမြေ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသန်းလွင်ဦး** | **ဦးဇော်အောင်လွင် LL.B** |
| **၉/ပဘန(နိုင်)၀၈၆၅၉၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၆၆)** |
| **ဒေါ်ခင်ချို** | **(၂၁-၁၂-၂၀၂၀)** |
| **၉/ပဘန(နိုင်)၀၇၉၁၂၄** | **မဟစ-၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၄၂၂၀၀၃၅၃** |

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 17U/1107 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရောလမ်း၊ မြေကွက်အမှတ် (၃၆၄)၊ (၄၀x၆၀)ပေ၊ (၀.၀၅၅)ကေ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဝင်းမြင့်ဆွေ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြသူများဖြစ်သော ဦးခင်မောင်သန်း(၁၂/မဂဒ(နိုင်)၀၅၁၈၁၅) နှင့် ဒေါ်သန်းသန်းဌေး(၁၂/စခန(နိုင်)၀၄၂၀၈၀)တို့မှ ၎င်းတို့လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှား ဂရန်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ခင်မာလာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၄လမ်း၊ အမှတ်-၃၂ရှိ မြေညီထပ်(ဘယ်ဘက်ခန်း) အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှရီ(ခ)ဒေါ်တင်အေး ၃/ကကရ(နိုင်)၀၀၉၅၁၉၊ ဒေါ်ရွှေစင်နွယ် ၃/ကကရ(နိုင်)၀၆၂၉၉၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ် အား ကန့်ကွက်ရန်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထိန်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးခိုင်(စဉ်-၄၈၂၆/၈၉)**
**LL.B, DBL, DML, MA (Business Law) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၇၁(ပထမထပ်)၊ ပုသိမ်မြေ (၉)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊**
**၀၉-၄၃၀၆၅၀၀၉၊ ၀၉-၆၆၉၉၂၃၀၀၆၊ ၀၉-၄၂၉၄၂၉၄၆၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒု-တပ်ကြပ် မြင့်လွင်ဦး(ကိုယ်ပိုင်အမှတ် ၉၄၂၈၅၃) ၉/ပမန(နိုင်)၂၅၆၁၉၈(ဘ)ဦးအောင်စိန် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၁၄၈ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီး ဖြစ်သူ ဒေါ် တင်တင်မိုး ၁၂/မဂဒ(နိုင်)၀၈၅၅၈၄(ဘ)ဦးသန်းထွန်းမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု-တပ်ကြပ် မြင့်လွင်ဦး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ကံကြီး(တောင်)ရွာတွင် နေထိုင်သူ ဦးရာဇာဖြိုး(ဘ)ဦးစောမောင် ၉/မလန(နိုင်)၁၂၃၃၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်သည်မှာ -

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ရပ်ကွက်ကြီး(၂)ရှိ အရှေ့လားသော်- ဦးညွန့် နေအိမ်ဝိုင်းမြေ၊ အနောက်လားသော် -ဒေါ်ခင်ဌေး နေအိမ်ဝိုင်းမြေ၊ တောင်လားသော် -လမ်း၊ မြောက်လားသော် ဦးဝင်းမောင် နေအိမ်ဝိုင်းမြေ၊ ၎င်းအလားလေးရပ်အတွင်းရှိ အလျား(၆၈)ပေ၊ အနံ(၇၀)ပေရှိဝိုင်းမြေအတွင်း RC နံကပ်တစ်ထပ်တိုက် နေအိမ်(၁)လုံးနှင့် ဆက်စပ်အဆောက်အအုံများ၊ အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး၊ အဝီစိတွင်း(၁) တွင်းတို့ပါရှိသော နေအိမ်ဝိုင်းမြေကို ဒေါ်ခင်ဦး(ဘ)ဦးကံညွန့် ၉/မလန(နိုင်) ၀၀၆၀၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရာဇာဖြိုးမှ (၂၀-၄-၂၀၂၄)ရက်တွင် ကာလတန်ဖိုးတစ်ရပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးရာဇာဖြိုးမှ အဆိုပါနေအိမ်ဝိုင်းမြေကွက်အား မိမိသာလျှင် တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်သူဖြစ်ပြီး ယင်းနေအိမ်ဝိုင်းမြေကွက်အား ပြန်လည်ရောင်းချမည်ဖြစ်ပါ၍ ၎င်းနေအိမ်ဝိုင်းမြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဆိုင်ရေး/ဆိုင်ခွင့်၊ ပိုင်ရေး/ပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက နေအိမ်ဝိုင်းမြေအား ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးရာဇာဖြိုး** | **ဦးဇော်အောင်လွင် LL.B** |
| **၉/မလန(နိုင်) ၁၂၃၃၄၆** | **တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၇၆၆(၂၁-၁၂-၂၀၂၀)** |
| | **ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊** |
| | **မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊** |
| | **ဖုန်း-၀၉-၄၄၂၂၀၀၃၅၃** |

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ရဲစုရပ်ကွက်၊ အကွက်အမှတ်(၂)၊ ရဲစုအကွက်၊ ဦးပိုင်အမှတ်(၁၀၁-ခ)၊ ဧရိယာ(၀.၀၇၁)ကေအား ဒေါ်ခင်ခင်ဝင်း၊ ၉/စကတ(နိုင်) ၀၅၈၂၈၃မှ မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့်ပတ်သက်သည့် တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်းကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလ ကျော်လွန်သည်အထိ ကန့်ကွက်လာမှုမရှိပါက ဒေါ်ခင်ခင်ဝင်း၏ မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ဆည်မြို့**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (၅) တွင် ခေတ်ခွဲခန်းကျွမ်းကျင် -၃ ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ဇာခြည်ဟိန်း (၁၃/ရစန(နိုင်)၀၆၇၂၇၈) ၏ ဖခင်ဖြစ်သူအမည်မှန်မှာ ဦးကျင်ဟိန်း ဖြစ်ပါကြောင်း။

**ဦးကျင်ဟိန်း**

## အမည်ပြောင်း

သရက် ချောင်းမြို့နယ်၊ အမက(၂)ကျောက်မြောင်း G-2 တွင် ပညာသင်ကြားနေသော ဦးဘိုဘိုလတ်၏ သမီး မယွန်းယွန်းဆက်ပိုင်အား မသွန်းရတီ ထက် သို့ ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၅၈၈၄၃, Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/1935 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/20381 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/20381 Yamaha FZ 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထွေး ၉/မလန(နိုင်)၁၈၉၉၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 64W/71115, KTM DUKE 200 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သီဟ ၁၃/တကန(နိုင်) ၂၈၇၄၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ၃၇၃)
## မုံရွာခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃

**ကွယ်လွန်သူ ဆရာတော် ဦးစန္ဒိမာ၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**

ဦးဓမ္မစာရ **လျှောက်သူ။**

ဘုတလင်မြို့နယ်၊ ရွာသစ်အုပ်စု၊ ဆုံကုန်းကျေးရွာ၊ ပြည်လုံးချမ်းသာကျောင်းတိုက်နေ ဦးဓမ္မစာရက ကွယ်လွန်သူ ဆရာတော်ဦးစန္ဒိမာ၏ တပည့်ဖြစ်သည်ဟူ၍ ဘုတလင်မြို့နယ်၊ ရွာသစ်အုပ်စု၊ ဆုံကုန်းကျေးရွာ၊ ပြည်လုံးချမ်းသာကျောင်းတိုက်နေ ၎င်းကွယ်လွန်သူ ဆရာတော်ဦးစန္ဒိမာမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဆရာတော် ဦးစန္ဒိမာမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးဓမ္မစာရ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( စိုင်းရဲသူ )
ဒုတိယခရိုင်တရားသူကြီး(၄)
မုံရွာခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ရွှေမြို့နယ်၊ တီလော ကျေးရွာ အုပ်စု၊ ဇောရိသဒ်ရွာနေ (ဘ) ဦးတင်ထွန်းအောင်၏ သမီး မဝေခိုင်ဖြိုး(ခ)မဝေဝေခိုင်ဖြိုး ၁၃/ညရန(နိုင်)၁၄၆၆၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

လှိုင်ကော်မြို့၊ နက-၁၁၇၊ နမ့်ကွတ်ရပ်ကွက်နေ ဦးပိုးရယ်၏ သမီး ဒေါ်အေးကြည် ၂/လကန(နိုင်)၀၂၀၉၃၉ ၏ မွေးသက္ကရာဇ်မှန်မှာ ၆-၈-၁၉၆၅ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကျီစု ကျေးရွာ၊ ခမင်းဆိပ်အရှေ့ကွင်း၊ ကွင်းအမှတ်-၄၄၈(ဘီ)၊ ဦးပိုင်အမှတ်-(၁၂/၂)၊ ဧရိယာ(၁၂ ဒသမ ၈)ကေနှင့် ဦးပိုင်အမှတ်-(၁၁/၂)၊ ဧရိယာ(၁၁ ဒသမ ၂၅)ကေရှိ မြေကွက်များသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နုနုယဉ် ၁၃/ကတန(နိုင်)၀၂၅၀၇၅ မှ ဝယ်ယူပိုင်ဆိုင်လက်ရှိထားလျက်ရှိသော မြေကွက်များ ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုယဉ်သာလျှင် စီမံခန့်ခွဲခွင့်၊ တရားဝင်အသုံးပြုခွင့် အပြည့်အဝရှိကြောင်းနှင့် ယင်းမြေကွက်များ၏ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နုနုယဉ် ၁၃/ကတန (နိုင်) ၀၂၅၀၇၅ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၄/၂၇-၆-၂၀၁၉)**
**ဖုန်း-၀၉-၄၃၀၅၇၈၀၇**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ကလောခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

CB BANK PCL ( ကလောဘဏ်ခွဲ ) နှင့် ၁။ ဒေါ်အေးအေးထွန်း
(ဘဏ်၏ကိုယ်စား ဒေါ်ခိုင်ဇင်သွယ်၊ မန်နေဂျာ၊ ၂။ ဦးခင်ဇော်
ဒေါ်ဖြိုးသူသူအောင်၊ လက်ထောက်မန်နေဂျာ)
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အုန်းပင်ရွာမြောက်၊ ဝင်ကဘ်ာလမ်းနေ ဦးခင်ဇော်နှင့် ဒေါ်အေးအေးထွန်း (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူများ)တို့အား သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် CB BANK PCL (ကလောဘဏ်ခွဲ) (ဘဏ်၏ကိုယ်စား ဒေါ်ခိုင်ဇင်သွယ်၊ မန်နေဂျာ၊ ဒေါ်ဖြိုးသူသူအောင်၊ လက်ထောက်မန်နေဂျာ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ် လ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ထင်ကျော်)
ခရိုင်တရားသူကြီး
ကလောခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

ကျွန်မသည် လွန်ခဲ့သော (၁၉၈၂)ခုနှစ်ကတည်းကပင် အမှတ်(၁၁၅)၊ မြို့သစ်(၁)ရပ်၊ အမှတ်(၄)ရပ်ကွက်၊ ကျိုင်းတုံမြို့ဟုခေါ်တွင်ပြီး အရှေ့လား သော်-ဒေါ်နန်းအမ်မြေကွက်၊ အနောက်လားသော်-ဒေါ်ပါမွေမြေကွက်၊ မြောက်လားသော်-လမ်း၊ တောင်လားသော်-ဆရာမ၏ နေအိမ်ရှိ မြေကွက်အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်အား ဝယ်ယူပြီးနောက် ခြံစည်းရိုးများ ခတ်ခြင်း၊ သစ်ပင်ချုံနွယ်များအားရှင်းခြင်း စသည်တို့ပြုလုပ်ပြီး နေအိမ်ဆောက်လုပ်ကာ လက်ရှိနေထိုင်သည်မှာ နှစ်ပေါင်း(၄၃)နှစ်ခန့် ရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပက်သက်၍ ကျွန်မ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိဘဲ မည်သူမဆို အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် အကယ်၍ ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခဲ့ပါက ဆုံးရှုံးနစ်နာမှုများအတွက် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ချက်အရ-** |
| **ဒေါ်ဘူးစို** | **ဦးအားဂျေ(အထက်တန်းရှေ့နေ)** |
| **၁၃/ကတန(နိုင်)၀၀၉၇၂၅** | **(စဉ်-၅၄၇၆၅) (၂၆-၁-၂၀၂၂)** |
| **အမှတ်-(၁၁၅)၊ အမှတ်(၄)ရပ်ကွက်** | **ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့** |
| **မြို့သစ်(၁)ရပ်၊ ကျိုင်းတုံမြို့** | **ဖုန်း-၀၉-၂၅၂၁၃၄၆၀၀** |

## ခင်ပွန်းအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

